လယ်ယာ စီးပွား သတင်း
The Agri-Business News
၁၉၉၆ ခုနှစ်တွင် စတင်တည်ထောင်သည်။

စိုက်ပျိုးမွေးမြူရေးထွက်ကုန်များဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့်
ဈေးကွက်ပိုမိုရရှိနိုင်ရန်အတွက်
စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း (GAP)
ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် (GAqP)
ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ် (GAHP)
တို့ကို ကျင့်သုံးပါ။

၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်၊ သောကြာနေ
(15-12-2023) အမှတ် (၈၃၈)

မြေဩဇာကော်မတီ
၃၈ ကြိမ်မြောက် စည်းဝေး
စာ - ၄ MOALI

ကုန်းမြင့် တောင်စောင်းနှင့်
စနစ်မှန် ကွန်တိုလိုင်း
စာ - ၈ ဘုန်းမြတ်

ခံတက်ပင်
ဆေးဖက်ဝင်
စာ - ၁၂ ကြေးမုံငယ်



# စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေး နည်းပညာသစ်တစ်ခု

ဇော် လင်း ထွန်း

**နိုင်ငံ** တစ်ခု ဖွံ့ဖြိုးတိုးတက်ရေးသည် စီးပွားရေးလုပ်ငန်းများပေါ်တွင် များစွာမူတည်နေသည်။ နိုင်ငံစီးပွားရေး တောင့်တင်းခိုင်မာမှသာ အခြားသောကဏ္ဍများ တိုးတက်ဖွံ့ဖြိုးရေးကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ ပိုမိုအောင်မြင်တိုးတက်လာစေရန် ခေတ်မီနည်းပညာများ တောင်သူလက်ဝယ်သို့ ရောက်ရှိ အသုံးပြုနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် တောင်သူများ ခေတ်မီနည်းပညာများနှင့် ခေတ်မီစက်ကိရိယာများ အသုံးပြုလုပ်ကိုင်နိုင်ရေးအတွက် ဘက်ပေါင်းစုံက ကူညီလုပ်ဆောင်ပေးနေသည်။



ထိုသို့ ကူညီဆောင်ရွက်ပေးရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး ပညာပေး ဆွေးနွေးပွဲများ၊ နည်းပညာမြင့် တောင်သူပညာပေးစိုက်ခင်းများ၊ အဆင့်မြင့် နည်းပညာများဖြင့် မျိုးကောင်းမျိုးသန့်များ မွေးမြူထုတ်လုပ်ပေးခြင်း၊ ပြောင်းလဲလာသောရာသီဥတု ဖြစ်စဉ်များနှင့် ကိုက်ညီသော သီးနှံမျိုးသစ်များ ထုတ်လုပ်ခြင်းနှင့် တောင်သူများ စိုက်ပျိုး မွေးမြူ ထုတ်လုပ်မှုတွင် ကြုံတွေ့နိုင်သည့် အခက်အခဲများကို သက်ဆိုင်ရာဌာနအလိုက် တောင်သူများနှင့် ပူးပေါင်းကာ ဖြေရှင်းဆောင်ရွက်ပေးလျက် ရှိသည်။

ထို့ပြင် တောင်သူ စိုက်ပျိုးထုတ်လုပ်ရာတွင် ဖြစ်ပေါ်လာနိုင်သော စိုက်ပျိုးရာသီအလိုက် ရောဂါပိုးမွှားများ ကြိုတင်ကာကွယ်နိုင်ရေး၊ စိုက်ပျိုးရေးနည်းစနစ်များ မှန်ကန်တိကျစွာ လုပ်ဆောင်နိုင်ရေးအတွက် သတင်းအချက်အလက်များ အချိန်အခါမရွေး အသုံးပြုနိုင်ရန် သတင်းအချက်အလက် နည်းပညာစင်တာများ၊ အွန်လိုင်းမီဒီယာ၊ သတင်းစာစောင်နှင့် လက်ကမ်းစာစောင်များကိုလည်း စိုက်ပျိုးရာသီတွင် သီးနှံအမျိုးအစားအလိုက် တောင်သူလယ်သမားလက်ဝယ်အရောက် ထုတ်ဝေဖြန့်ချိပေးလျက်ရှိသည်။

စိုက်ပျိုးရေးထွက်ကုန်များ အရည်အသွေးမြင့်မားရေးနှင့် အထွက်နှုန်းကောင်းရေးအတွက် အဓိကလိုအပ်ချက်မှာ နည်းပညာပင်ဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများတွင် စိုက်ပျိုးရေးထွက်ကုန်များ အရည်အသွေးကောင်းအောင် နည်းပညာကို တီထွင်အသုံးချ

စာ-၆ သို့

# သီးနှံစိုက်ပျိုးမှု တိုးတက်စေရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးအတွက် ယာယီရေထိန်းဆည်များ တည်ဆောက်



**နေပြည်တော် နိုဝင်ဘာ ၂၅**

သီးနှံစိုက်ခွင်းအားများ ပိုမိုတိုးတက်လာစေရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးအတွက် လယ်ဝေးမြို့နယ် သာစည်ကျေးရွာအနီး ရုံးပင်ချောင်းပေါ်တွင် ယာယီရေထိန်းဆည် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ရုံးပင်ချောင်းပေါ်တွင် ယာယီရေထိန်းဆည်ပြုလုပ်၍ မဒန်းဆည်ရေသောက်စနစ် လက်တံမြောင်းအမှတ် ၂၊ လက်တံခွဲ ၅ သို့ ရေကူဖြည့်တင်းခြင်းလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၆၀ ရာခိုင်နှုန်းခန့် လုပ်ငန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

ယာယီရေထိန်းဆည် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးပါက စိုက်ပျိုးဧရိယာ ၅၅၀ ဧကကို ရေကူပေးဝေနိုင်မည်ဖြစ်ကာ၊ ဆောင်းသီးနှံနှင့် နွေသီးနှံ စိုက်ပျိုးရေ တိုးတက်ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဒက္ခိဏသီရိမြို့နယ် ဒိုးနွယ်ကျေးရွာအနီးရှိ ပုလွေးချောင်းပေါ်တွင် တည်ဆောက်လျက်ရှိသော ယာယီရေထိန်းဆည်တွင်လည်း စိုက်ပျိုးရေ ရရှိစေရေးလုပ်ငန်းတစ်ခု၊ ရိုးနှင့်ချောင်းများပေါ်တွင် ရေမြှင့်အဆောက်အအုံ တည်ဆောက်၍ စိုက်ပျိုးရေရရှိရေးလုပ်ငန်းသုံးခု၊ ရေသွယ်မြောင်းဖောက်လုပ်၍ စိုက်ပျိုးရေရရှိရေးလုပ်ငန်းသုံးခုတို့ ပါဝင်သဖြင့် လုပ်ငန်းများအားလုံး ပြီးစီးပါက ချောင်းမငယ် ဆည်ရေသောက်စနစ်အတွင်း စိုက်ပျိုးရေ ပိုမိုတိုးတက်ပေးဝေနိုင်မည်ဖြစ်ပြီး ဆင်အုံကန်ကို ရေကူဖြည့်တင်းပေးခြင်းမှတစ်ဆင့် ဆင်အုံကန်အောက်ပိုင်း ရေသောက်စိုက်ပျိုးမြေဧရိယာ ၄၆၀၇ ဧက၏ နွေစပါး၊ မိုးစပါးနှင့် ဆောင်းသီးနှံ ပိုမိုတိုးတက်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေ တိုးတက်ပေးဝေနိုင်မည်ဖြစ်သည်။

ထို့ပြင် ဇေယျာသီရိမြို့နယ်၊ ကျောက်ချက်ကျေးရွာအနီး ကျောက်ချက်တံတားအောက် ဆင်သေချောင်းအတွင်း တစ်နှစ်ပတ်လုံး ရေထိန်းထားရန်နှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည် သန့်ရှင်းသာယာလှပစေရေး စီမံဆောင်ရွက်ရန်အတွက် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေဖြင့် ယာယီရေထိန်းတမံ တည်ဆောက်ကြောင်း သိရသည်။

ယခုတည်ဆောက်လျက်ရှိသည့် ဆင်သေချောင်း ယာယီချောင်းပိတ်ဆည် အနီးတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြင်းကောင်ရေ ၁၀ ကောင်အားရှိသော ဆိုလာရေတင်စက်ရုံ တပ်ဆင်ထားရှိပြီး အနီးပတ်ဝန်းကျင်ရှိ လယ်မြေများသို့ စိုက်ပျိုးရေ ပေးဝေလျက်ရှိရာ၊ ယာယီရေထိန်းတမံ တည်ဆောက်နေမှုလုပ်ငန်းပြီးစီးပါက ဒေသစိမ်းလန်းစိုပြည်ရေးနှင့် ဖွံ့ဖြိုးရေးကို အကျိုးပြုနိုင်မည်ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် မိုးရွာသွန်းမှုပုံစံများ ပြောင်းလဲလာကာ ရေလှောင်တမံများအတွင်း ရေဝင်ရောက်မှုများ လျော့နည်းလာခြင်းနှင့် ယခုနှစ် အယ်လ်နီညိုကာလဖြစ်စဉ်များကြောင့် စိုက်ပျိုးရေ ပိုမိုတိုးတက်ရရှိနိုင်ရေးအတွက် ဒေသအလိုက် ရေရရှိရေးနည်းလမ်းများ စူးစမ်းရှာဖွေ ဖော်ထုတ်ခြင်းလုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆောင်ရွက်ပေးလျက်ရှိသည်။

**MOALI** ပြန်ကြားရေး

# နိုင်ငံတော်က မတည်ရန်ပုံငွေ ၁၀၀ ဘီလီယံဖြင့် ဆောင်းဆီထွက်သီးနှံစီမံကိန်းများ အကောင်အထည်ဖော်မည်

**နေပြည်တော် နိုဝင်ဘာ ၂၄**



နိုင်ငံတော်က မ,တည် ရန်ပုံငွေ ကျပ် ၁၀၀ ဘီလီယံဖြင့် ဆောင်းဆီထွက်သီးနှံ စီမံကိန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေး မတည်ထောက်ပံ့ရန်ပုံငွေ ကျပ် ၂၃၀ ဘီလီယံဖြင့် ၂၀၂၂ -၂၀၂၃ ခုနှစ်တွင် ပဲတီစိမ်းနှင့် နွေစပါးစီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး၊ ရန်ပုံငွေ၏ လက်ကျန်ငွေဖြင့် ချေးငွေပြန်လည်ကောက်ခံရရှိငွေတို့ဖြင့် ၂၀၂၃ ခုနှစ် မိုးစပါး စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

၂၀၂၃-၂၀၂၄ ခုနှစ် နွေစပါးစီမံကိန်းကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့်စီမံကိန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ယူကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး၊ တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့များ၏ အနီးကပ်ကြီးကြပ်မှုဖြင့် တောင်သူလယ်သမားအစုအဖွဲ့၊ သမဝါယမအသင်းများ၊ ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူများပါဝင်သည့် အစုအဖွဲ့များနှင့် သွင်းအားစုရောင်းချသူအစုအဖွဲ့များက အဓိက ပါဝင်ဆောင်ရွက်လျက်ရှိပြီး၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းတို့က ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံ၏ စီးပွားရေးအခြေအနေကောင်းများ ဖန်တီးပေးနိုင်ရန် နိုင်ငံတော်အစိုးရက နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေထူထောင်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး၊ စိုက်ပျိုးရေးသွင်းအားစုများ ထည့်သွင်းအသုံးပြုခြင်းဖြင့် တစ်ဧကအထွက်နှုန်း ပိုမိုတိုးတက်လာစေရန်၊ ဈေးနှုန်းနှင့်ဈေးကွက်သေချာခြင်းကြောင့် တောင်သူများ ဝင်ငွေပိုမိုရရှိစေကာ ဒေသအလိုက် ဖွံ့ဖြိုးလာစေပြီး၊ နိုင်ငံ့စီးပွား တိုးတက်မြင့်မားလာစေရန်၊ စီမံကိန်းတွင်ပါဝင်သော အစုအဖွဲ့အားလုံး အကျိုးအမြတ်ကိုယ်စီရရှိစေရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုပေါ်ပေါက်လာစေရန်၊ လယ်ယာကုန်ထုတ်လုပ်မှု ကွင်းဆက်အားလုံး ပူးပေါင်းဆောင်ရွက်သည့် အလေ့အကျင့်များရရှိလာစေရန် စသည့်အချက်များကိုလည်း ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**MOALI** ပြန်ကြားရေး

လယ်ယာစီးပွားသတင်း
The Agri-Business News

**အယ်ဒီတာချုပ်**
မြတ်စိုး(လှိုင်)

**အမှုဆောင်အယ်ဒီတာ**
တင်ကြည်လှိုင်

**ထုတ်ဝေသူ**
ဦးမျိုးတင့်ထွန်း
မြ - ၀၀၄၁၀

**ပုံနှိပ်သူ**
ဦးမောင်နီ
မြ - ၀၀၂၆၉
ကမ္ဘာ့အေးဘုရားလမ်း၊
စိမ်းလဲ့မေလမ်းသွယ်
ရန်ကင်းစာတိုက်ရန်ကုန်မြို့

**ခေါင်းစီးစာလုံး**
သက်မော်

**ဒီဇိုင်း**
မြတ်လင်း၊ ခင်နွယ်နီအောင်သိန်း

**စလင်၊ ကာလာခွဲ**
Eagle

**ကြော်ငြာ**
လယ်ယာစီးပွားသတင်းအဖွဲ့

**ဖြန့်ချိရေး**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်နယ်နှင့်တိုင်းဒေသကြီးရုံးများ**
**ရန်ကုန် – စာပေဗိမာန်အရောင်းဆိုင်**
**– ဝါမိုးအောင်စာပေ၊ စာပေဗိမာန်အနီး**
**မန္တလေး – မန္တလေးရုံးခွဲ**
**– စီမံကိန်းဦးစီးဌာန**

**ဆက်သွယ်ရန်**

လယ်ယာစီးပွားသတင်း
ကမ္ဘာ့အေးဘုရားလမ်း၊
စိမ်းလဲ့မေလမ်းသွယ်
ရန်ကင်းစာတိုက်ရန်ကုန်မြို့
ဖုန်း–၆၆၃၅၀၅
Email: agribusinessnews2000@gmail.com

အယ်ဒီတာ့အာဘော်

# နိုင်ငံသားတစ်ဦးချင်း ဝင်ငွေမြင့်မားရေးမှသည် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးဆီသို့



မြန်မာနိုင်ငံသည် နိုင်ငံ့စီးပွားတိုးတက်လာစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်စွမ်းအား မြင့်မားလာစေရန် တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာတစ်ဝန်းတွင်လည်း နေ့စဉ်တိုးပွားလာနေသည့် လူဦးရေအတွက် ရိက္ခာဖူလုံရေးကို ကြိုးပမ်းလျက်ရှိရာ ထိုသို့ နေ့စဉ်လိုအပ်နေသည့် ရိက္ခာဖူလုံရေးကို စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် နိုင်ငံများကသာ အဓိကပံ့ပိုးဖြည့်ဆည်းနေကြရသည်။

ထို့ကြောင့် နိုင်ငံအသီးသီးတွင် ထုတ်လုပ်နိုင်သည့် စွမ်းအားပြည့် ဆောင်ရွက်နိုင်ရေးကို ဦးတည်ဖော်ဆောင်လျက် ရှိကြသည်။

ယင်းလုပ်ငန်းစဉ်များထဲတွင် သီးထပ်စွမ်းအားမြှင့်တင်ရေး လုပ်ငန်းစဉ်များလည်း ပါဝင်လျက်ရှိရာ၊ ကမ္ဘာ့နိုင်ငံအချို့တွင် သီးထပ်စိုက်ပျိုးမှုစွမ်းအား ၃၀၀ ရာခိုင်နှုန်းအထိ မြှင့်တင်နိုင်ကြပြီဖြစ်၍၊ မြန်မာနိုင်ငံအနေဖြင့်လည်း မြေလွတ်မြေလပ်မကျန် စိုက်ပျိုးရေးနှင့် သီးထပ်စွမ်းအားမြှင့်တင်ရေး ကို ဦးစားပေး ဆောင်ရွက်လျက် ရှိနေသည်။

မြန်မာနိုင်ငံ၏ ကျေးလက်နေ လူဦးရေမှာ ၇၂ ရာခိုင်နှုန်းကျော်ရှိပြီး၊ ယင်းတို့မှာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသူများဖြစ်ကြသည့်အပြင် ကျန်ရှိသည့်ပြည်သူများသည်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် မကင်းကြဘဲ ယင်းလုပ်ငန်းများကို အခြေခံသည့် အခြားစီးပွားရေးလုပ်ငန်းများတွင် အများစုက ပါဝင်လုပ်ကိုင်နေကြသည်ကို တွေ့ရှိရမည်ဖြစ်သည်။

မြန်မာနိုင်ငံ ပြည်သူများအနေဖြင့်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းထွက်ကုန်များကို နေ့စဉ်စားသုံးနေကြရသဖြင့်၊ ပြည်တွင်း စားသုံးမှုဖူလုံရေးနှင့် ပိုလျှံသမျှကို ပို့ကုန်အဖြစ် တင်ပို့၍၊ ကမ္ဘာ့ပြည်သူများ၏ စားရေရိက္ခာ ဖြည့်ဆည်းရေးကိုပါ တစ်ပါတည်း ဆောင်ရွက်နေကြရသည်။

ထို့ကြောင့် ယနေ့ကာလသည် စိုက်ပျိုးရေးကဏ္ဍတစ်ရပ်လုံးကို ခေတ်မီနည်းစနစ်များ ကျင့်သုံး၍ ထုတ်လုပ်မှု တိုးတက်ရေးကို ဆောင်ရွက်နေကြရသကဲ့သို့ မွေးမြူရေးကဏ္ဍက အသား၊ ငါး၊ ဥ၊ နို့နှင့် နို့ထွက်ပစ္စည်းများ ဖူလုံပိုလျှံရေးကိုလည်း ကြိုးပမ်းနေကြရသည်။

ထို့ပြင် စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များကို အခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs)ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း နိုင်ငံတော်က အားပေးဆောင်ရွက်လျက် ရှိသည်။

ယင်းလုပ်ငန်းများအတွက် လိုအပ်မည့် အရင်းအနှီးများရရှိရေးကိုလည်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေကြီးကြပ်ရေးအဖွဲ့များက စနစ်တကျထုတ်ချေး ပံ့ပိုးပေးကာ လေလွင့်ဆုံးရှုံးမှုမရှိစေရန်နှင့် အကျိုးအမြတ်ခံစားရရှိစေရန်၊ ကြပ်မတ်ဆောင်ရွက်လျက် ရှိသည်။

အမှန်တကယ် လက်တွေ့လည်း သီးထပ်စွမ်းအား မြှင့်တင်ပေးခြင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍတွင် ခေတ်မီနည်းစနစ်များ ကျင့်သုံး၍ ထွက်ပေါ်လာသော ထုက်ကုန်များကို ကုန်ကြမ်းအဖြစ် တင်ပို့မှုမပြုဘဲ MSME များ၏ လုပ်ငန်းကျွမ်းကျင်မှုအရ ကုန်ချောထုတ်လုပ်တင်ပို့ခြင်းတို့ကိုသာ ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းများစွာ ပေါ်ထွန်းလာမည့်အပြင် စီးပွားရေး အကျိုးအမြတ်လည်း ယခင်ကထက် ပိုမိုရရှိခံစားလာကြရမည် ဖြစ်သည်။

ထို့ကြောင့် မိမိတို့ နိုင်ငံ၏ သယံဇာတ ပေါကြွယ်ဝမှုနှင့် လူ့စွမ်းအားအရင်းအမြစ်များကို အခြေခံကာ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍကို စဉ်ဆက်မပြတ် မြှင့်တင်ဆောင်ရွက်ကြခြင်းဖြင့် တစ်ဦးချင်းစီ၏ ဝင်ငွေမြင့်မားတိုးတက်မှုမှသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို တစ်ပြိုင်တည်း ရရှိခံစားကြရမည် ဖြစ်ပါကြောင်း။ ။

## စပါးအပြီးဆောင်းသီးနှံစိုက်ပျိုးရေးအတွက် စပါးသီးနှံအကြွင်းအကျန်စပါးရိုးပြတ်များ စီမံခန့်ခွဲရေးအတွက် တောင်သူများပါဝင်သောဆွေးနွေးပွဲကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၅**

စပါးအပြီး ဆောင်းသီးနှံ သီးထပ် အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ကြီးမားသောဟန့်တားချက်ဖြစ်သည့် မိုးစပါးသီးနှံ အကြွင်းအကျန် ကောက်ရိုးနှင့် ရိုးပြတ်များ ဖယ်ရှားရှင်းလင်းရေးနှင့် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေနိုင်သော စီမံခန့်ခွဲမှုများ ပြုလုပ်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နေပြည်တော် ကောင်စီနယ်မြေ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်များမှ တောင်သူများ ပါဝင်သည့် ဆွေးနွေးပွဲကို ဒီဇင်ဘာ ၄ ရက်က နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ တဲကြီးကုန်းကျေးရွာအုပ်စု စိုက်ပျိုးနည်းပညာပြန့်ပွားရေးစင်တာတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် စပါးရိတ်သိမ်းပြီး မြေတွင်း အစိုဓာတ်ရှိနေချိန်တွင် ဆောင်းသီးနှံကို စိုက်ပျိုးလေ့ရှိရာ အစိုဓာတ်ခမ်းခြောက်မှုမရှိစေဘဲ လျင်မြန်စွာ စိုက်ပျိုးနိုင်ရန် စပါးရိုးပြတ်များကို တောင်သူအများစုက မီးရှို့ရှင်းလင်း၍ စိုက်ပျိုးလေ့ရှိကြသည်။

ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေပြီး လေထုတွင် ကာဗွန်ဒိုင်အောက်ဆိုဒ်ပမာဏများကာ ရာသီဥတု ပူနွေးလာမှုကို ဖြစ်ပေါ်စေသည်။

ထိုသို့မဖြစ်စေရန်အတွက် ရိုးပြတ်ထဲတွင် သီးနှံမျိုးစေ့များကို ကြဲပက်၍ ရိုးပြတ်ကို ကျောပိုးစက်နှင့် ဖြတ်တောက်ကာ ခုတ်ဖုန်းစိုက်ပျိုးခြင်းနှင့် ရိုးပြတ်များကို ထယ်ရေးပြု၍ အနည်းဆုံး

စာ – ၄ သို့

# မြေသြဇာကော်မတီ ၃၈ ကြိမ်မြောက် အစည်းအဝေး အထိ မြေသြဇာမှတ်ပုံတင် တစ်သောင်းကျော် ခွင့်ပြု

**နေပြည်တော် နိုဝင်ဘာ ၂၄**

မြေသြဇာကော်မတီ၏ ၃၈ ကြိမ်မြောက် အစည်းအဝေးအထိ မြေသြဇာ မှတ်ပုံတင် စုစုပေါင်း ၁၀၅၉၇ စောင်ကို ခွင့်ပြုပေးထားပြီး ဖြစ်ကြောင်း သိရသည်။

စားနပ်ရိက္ခာဖူလုံစေရန် နှင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန်အတွက် စိုက်ပျိုးရေးလုပ်ငန်းတွင် အရည်အသွေးပြည့်ဝပြီး စံချိန်စံညွှန်းကိုက်ညီသော မြေသြဇာများကို အကျိုးရှိစွာ သုံးစွဲနိုင်ရန် မြေသြဇာဆိုင်ရာ နည်းပညာအဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် မြေသြဇာကော်မတီက မြေသြဇာထုတ်လုပ်ခွင့်၊ တင်သွင်းခွင့် မှတ်ပုံတင်များ၊ သိုလှောင်ခွင့်၊ ဖြန့်ဖြူးရောင်းချခွင့် လိုင်စင်များကို မြေသြဇာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

လုပ်ငန်းရှင်များအနေဖြင့် သဘာဝမြေသြဇာစက်ရုံများ ထူထောင်လုပ်ကိုင်လာကြစေရေးနှင့် နိုင်ငံခြားငွေသုံးစွဲမှု လျှော့ချနိုင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကော်မတီအနေဖြင့် အပင်အာဟာရဓါတ်မျှမျှတတရစေမည့် သွင်းအားစုများ အသုံးပြုနိုင်ရေး၊ ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးလာစေရေးအတွက် ဆိုင်ရာကဏ္ဍများက စိစစ်ကြပ်မတ်သွားမည်ဖြစ်ကြောင်း မြေသြဇာကော်မတီ အကြိမ် ၄၀ မြောက်အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်က ပြောကြားသည်။

ထို့ပြင် စိုက်ပျိုးရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်စေရန်နှင့် သွင်းအားစုကို ထိထိရောက်ရောက် အသုံးပြုနိုင်ရန်၊ မြေဆီလွှာ ကျန်းမာရေးကို ရေရှည် ကောင်းမွန် တိုးတက်စေရန်၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေသော စိုက်ပျိုးထုတ်လုပ်မှုဖြစ်စေရန်တို့အတွက် ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာများကို အချိုးကျ



ပေါင်းစပ် သုံးစွဲရေး၊ သစ်စိမ်းမြေသြဇာ ပြုလုပ်သုံးစွဲရေး၊ နေရာဒေသနှင့် သီးနှံပုံစံကို လိုက်၍ ဘက်စုံ အပင်အာဟာရ စီမံခန့်ခွဲခြင်းနည်းလမ်းများ တောင်သူ့လက်ဝယ်ရောက်ရှိရေး စသည့် နည်းပညာပေးလုပ်ငန်းများကို အရှိန် မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းအကြိမ် ၄၀ မြောက် အစည်းအဝေးတွင်လည်း မြေပြုပြင်မြေသြဇာအဖြစ် တင်သွင်းခွင့် လျှောက်ထားလာသော ကိစ္စရပ်များ၊ ဆောင်းသီးနှံနှင့် နွေသီးနှံများအတွက် လိုအပ်လျက်ရှိသော ကွန်ပေါင်းဓာတ်မြေသြဇာ တင်သွင်းခွင့်ပြုနိုင်ရေး၊ ရာသီချိန်မီ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် တောင်သူများ လိုအပ်လျက်ရှိသည့် မြေသြဇာများ တင်သွင်းနိုင်ရန် ကြိုတင် ခွင့်ပြုမိန့် ပေးထားခြင်းနှင့်စပ်လျဉ်း၍ အတည်ပြုပေးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။(ပုံ) MOALI ပြန်ကြားရေး

---

**စာ-၃ စပါးအပြီးမှ**

ထယ်ရေးဖြင့် စိုက်ပျိုးလေ့ရှိကြသည်။

သို့ရာတွင် စပါးစိုက်ပျိုးပြီး စိုက်ပျိုးမှုတိုင်းတွင် မျိုးစေ့နှင့် မြေထိစပ်မှု အားနည်း၍ အပင်ပေါက် ညှံ့ဖျင်းခြင်း၊ စိုက်ခင်းဖြစ်တည်မှု ညှံ့ဖျင်းခြင်းကြောင့် တောင်သူများ မျိုးစေ့ကို သတ်မှတ်ထားသည့်နှုန်းထားထက် ပိုမိုသုံးလေ့ရှိကြရာ "ထူမမှား-ပါးမရ" ဆိုစကားအတိုင်း စိုက်ပျိုးလေ့ရှိကြကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် မိုးစပါး စိုက်ဧကပေါင်း ၁၃ ဒသမ ၂ သန်းကျော် စိုက်ပျိုးသည့်အနက် ၉ ဒသမ ၄ သန်း သီးထပ်စိုက်ပျိုးရန်ရှိပြီး၊ ထိုသို့ စိုက်ပျိုးရာတွင် ပန်းတိုင် အထွက်နှုန်းရရှိစေရန်အတွက် စပါး ရိုးပြတ်များကို စနစ်တကျ စီမံ ဖယ်ရှားရန်အတွက် စက်မှုလယ်ယာ ဦးစီးဌာနအနေဖြင့် သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးကို ဆောင်ရွက်သွားမည်ဖြစ်သည်။

စပါးအပြီး သီးထပ်စိုက်ပျိုးရာတွင် ထယ်ရေးမဲ့ စိုက်ပျိုးခြင်း၊ အနည်းဆုံး ထယ်ရေးနှင့်စိုက်ပျိုးခြင်း၊ ထယ်ရေးပြုပြင်စိုက်ပျိုးခြင်းဟု သုံးမျိုးရှိရာ အပင်ပေါက်ရေပေးနိုင်ပါက ထယ်ရေပြုပြင်စိုက်ပျိုးခြင်းကသာ အထွက်နှုန်းမြှင့်တင်နိုင်မည်ဖြစ်ပြီး၊ ရေပေးရာတွင်လည်း အပင်ပေါက်ရေ၊ အပင်ဖြစ်ရေ၊ ပွင့်သီးအောင်ရေ လိုအပ်သလို ပေးသွင်းနိုင်မှသာ ထည့်သွင်းပေးသည့် သွင်းအားစုကို အပင်က အကျိုးရှိစွာ စားသုံးနိုင်ကာ ပန်းတိုင်အထွက်နှုန်းရရှိမည် ဖြစ်သည်။

ဆွေးနွေးပွဲတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ရိုးပြတ်များ မီးမရှို့ဘဲ ထယ်ရေးပြုပြင်ရာတွင် ပျောက်ဆုံးသွားမည့်လက်ကျန်အစိုဓာတ်အတွက် ရေပေးသွင်းနိုင်မည့် အခြေအနေနှင့် စက်မှုလယ်ယာဦးစီးဌာန တာဝန်ရှိသူတစ်ဦးက စပါးရိုးပြတ်စီမံခန့်ခွဲရေးအတွက် စက်ကိရိယာများ သုံးစွဲရေးနှင့် ထယ်ရေးမဲ့တွင် စိုက်ပျိုးသည့် မျိုးစေ့ချကိရိယာသုံးစွဲနည်း၊ စပါးရိုးပြတ်များ ရှင်းလင်းဖယ်ရှားသည့်စက်များကို လက်တွေ့ သရုပ်ပြခဲ့ပြီး၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးဓိဝဥယျာဉ်မှ တာဝန်ရှိသူတစ်ဦးက ကောက်ရိုးများ အသုံးချကာ နွားစာတုံး ပြုလုပ်နည်း၊ တီမြေဆွေး ထုတ်လုပ်နည်း၊ မှိုစိုက်ပျိုးနည်းများကို ဆွေးနွေးတင်ပြကြကြောင်း သိရသည်။

MOALI ပြန်ကြားရေး

---



## မန္တလေးတိုင်းဒေသကြီး လယ်ယာကုန်ထုတ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာရေး ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီးအတွင်း လယ်ယာကုန်ထုတ်လုပ်ငန်းများ ပိုမို ဖွံ့ဖြိုးတိုးတက်လာရေးနှင့် တစ်ဧကချင်း၏ သီးထပ်စွမ်းအား မြှင့်တင်နိုင်ရေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် နိုဝင်ဘာ ၂၂ ရက်တွင် စိုက်ပျိုးရေးဦးစီးဌာနတိုင်းဒေသကြီး ဦးစီးမှူးရုံးအစည်းအဝေးခန်းမတွင် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သည်။ (ပုံ)

တွေ့ဆုံပွဲတွင် သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ဒေသအလိုက် မျိုးကောင်း မျိုးသန့်သုံးစွဲမှု တိုးတက်ရေးအတွက် ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်သွားရန်၊ ပြောင်းလဲသက်ရောက်လာလျက်ရှိသည့် ရာသီဥတုဒဏ်ကျော်လွှားနိုင်ရေးနှင့် လယ်ယာကဏ္ဍတွင် အဓိကကျသည့် မျိုး၊ မြေ၊ ရေ၊ နည်းစနစ်ကို စနစ်တကျအသုံးပြုနိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ပညာရှင်များ ပူးပေါင်းဆောင်ရွက်ရန်၊ လယ်ယာဘေးထွက်ပစ္စည်းများမှ တိရစ္ဆာန်အစာ ဖြည့်ဆည်းပေးနိုင်မှုနှင့် တိရစ္ဆာန် အညစ်အကြေးမှ သဘာဝမြေသြဇာအဖြစ် အသုံးပြုမှုများ ပါဝင်သည့် လှည့်ပတ်သုံးစွဲနည်းစနစ်အား တောင်သူများ လိုက်နာကျင့်သုံးရေး အားပေးဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ MOALI ပြန်ကြားရေး

# သတ္တမအကြိမ်တိရစ္ဆာန်ဆေးပညာကောင်စီရွေးချယ်တင်မြှောက်ခြင်းနှင့် မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း၁၅ကြိမ်မြောက်ရွေးချယ်ရေးအစည်းအဝေးကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၃၀**

မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီ၏ သတ္တမအကြိမ် တိရစ္ဆာန်ဆေးပညာကောင်စီ ရွေးချယ်တင်မြှောက်ရေးနှင့် မြန်မာနိုင်ငံတိရစ္ဆာန် ဆေးကုဆရာဝန်များအသင်း ၁၅ ကြိမ်မြောက် ရွေးချယ်တင်မြှောက်ရေး ညှိနှိုင်းအစည်းအဝေးကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ် ရေဆင်းမွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် အစည်းအဝေးခန်းမတွင် ယနေ့ ကျင်းပသည်။

ယင်းအစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများ၊ မြန်မာနိုင်ငံတိရစ္ဆာန် ဆေးပညာကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တိရစ္ဆာန် ဆေးကုဆရာဝန်များအသင်းဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။


မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီနှင့် မြန်မာနိုင်ငံ တိရစ္ဆာန် ဆေးကုဆရာဝန်များအသင်းအနေဖြင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခန်းကဏ္ဍက ပါဝင်ပြီး၊ တိရစ္ဆာန်ဆေးပညာ သင်ကြားရေးစနစ်ကို ခေတ်မီနည်းပညာများဖြင့် စဉ်ဆက်မပြတ် မြှင့်တင်သင်ကြားပေးနိုင်ရေးနှင့် မွေးမြူရေးဆိုင်ရာ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ မြန်မာနိုင်ငံ တိရစ္ဆာန် ဆေးပညာကောင်စီနှင့် မြန်မာနိုင်ငံ တိရစ္ဆာန် ဆေးကုဆရာဝန်များအသင်းတို့၏ ဦးဆောင်မှုဖြင့် သုတေသနညီလာခံများ၊ စာတမ်းဖတ်ပွဲများ၊ ဆွေးနွေးပွဲများ ကျင်းပခြင်း၊ စာအုပ်စာစောင်များ ထုတ်ဝေခြင်းတို့ကိုလည်း ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

ထို့နောက် မြန်မာနိုင်ငံ တိရစ္ဆာန် ဆေးပညာကောင်စီ ဥက္ကဋ္ဌက တတိယအကြိမ် တိရစ္ဆာန်ဆေးပညာကောင်စီ ရွေးချယ်တင်မြှောက်ရေး ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း အတွင်းရေးမှူးက တိရစ္ဆာန်ဆေးကုဆရာဝန် များအသင်း၏ ၁၅ ကြိမ်မြောက် ရွေးချယ်ရေးဆောင်ရွက်နေမှုများကို လည်းကောင်း တင်ပြကြရာ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် တက်ရောက်လာကြသူများက ဆွေးနွေး အကြံပြုကြကြောင်း သိရသည်။

**MOALI မြန်ကြားရေး**

# ကျေးလက်နေပြည်သူများလူမှုဘဝတိုးတက်လာစေရန် မြန်မာဆယ်မာအူးလ်ဂွန်ဂို(ကျေးရွာငွေတိုက်)စနစ်အကောင်အထည်ဖော်




**နေပြည်တော် ဒီဇင်ဘာ ၄**

စုပေါင်း၍ ငွေကြေးစုဆောင်းခြင်း၊ ငွေကြေးစီမံခန့်ခွဲခြင်း၊ ငွေကြေးအရင်းအနှီး လှည့်ပတ်သုံးစွဲခြင်းတို့ကို စနစ်တကျ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်း ပြောင်းလဲတိုးတက်လာစေရန် ကိုရီးယားနိုင်ငံ ဆယ်မာအူးလ်ဂွန်ဂိုအဖွဲ့ချုပ်နှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ မြန်မာဆယ်မာအူးလ်ဂွန်ဂို (ကျေးရွာငွေတိုက်) စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မြန်မာဆယ်မာအူးလ်ဂွန်ဂို (ကျေးရွာငွေတိုက်) စီမံကိန်းတွင် ပါဝင်ဆောင်ရွက်လျက်ရှိသော ကျေးရွာငွေတိုက် ၂၀ ခုမှ ကျေးရွာခေါင်းဆောင်များ၊ ကျေးရွာငွေတိုက် တာဝန်ခံ စိုက်ပျိုးရေးဝန်ထမ်းများအတွက် ''မြန်မာဆယ်မာ အူးလ်ဂွန်ဂို (ကျေးရွာငွေတိုက်) အွန်လိုင်းသင်တန်း'' အမှတ်စဉ် ၁/၂၀၂၃ ကို နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်းတွင် ယနေ့ ဖွင့်လှစ်သည်။

မြန်မာနိုင်ငံ၏ ကျေးရွာငွေတိုက်လုပ်ငန်းများ အောင်မြင်မှုအပေါ် အခြေခံ၍ ယူဂန်ဒါနိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဖီဂျီနိုင်ငံတို့တွင် ကျေးရွာငွေတိုက်များကို ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

ကိုရီးယားသမ္မတနိုင်ငံတွင် အောင်မြင်မှုရရှိခဲ့သည့် ကျေးရွာငွေတိုက်လုပ်ငန်းကို ကိုရီးယားသမ္မတနိုင်ငံ ပြင်ပနိုင်ငံ၌ ပထမဆုံး စတင်ဆောင်ရွက်မှုအဖြစ် မြန်မာနိုင်ငံတွင် အောင်မြင်မှုများ ရရှိခဲ့ခြင်းကြောင့် အခြားနိုင်ငံများအတွက် စံနမူနာကောင်းအဖြစ် ဆထက်ထမ်းပိုး ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကိုရီးယားနိုင်ငံ ဆယ်မာအူးလ်ဂွန်ဂိုအဖွဲ့ချုပ် ဒါရိုက်တာ မစ္စတာ ရှင်းဝူဂျုန်းက ပြောကြားသည်။

**MOALI မြန်ကြားရေး**

ရှေ့ဖုံး-စိုက်ပျိုးထုတ်လုပ်မှု မှ

ထုတ်လုပ်နိုင်သဖြင့် ဈေးကွက်တွင် ရောင်းပန်းလှကာ နေရာရလျက်ရှိသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးသီးနှံများ စုံလင်စွာ ထွက်ရှိနေပြီး နည်းပညာလိုအပ်ချက်များ ဖြည့်ဆည်းကာ အရည်အသွေးနှင့် အထွက်နှုန်းကောင်းရရှိရေး ဆောင်ရွက်လျက် ရှိနေသည်။

ယခုအခါ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့က **စပါးအထွက်နှုန်းကောင်းစေမည့် စိုက်ပျိုးနည်းပညာသစ်တစ်ခုဖြစ်သည့် စပါးသားတက်ဆင့်ပွားစိုက်ပျိုးနည်းပညာ**ကို နေပြည်တော် ဇေယျာသီရိမြို့နယ် ရှာစေးဖိုးကျေးရွာအနီး တောင်သူသရုပ်ပြ ပညာစိုက်ခင်းတွင် ကောက်စိုက်စက်ဖြင့် သရုပ်ပြခဲ့ရာ မြို့နယ်ရှစ်မြို့နယ်က စပါးစိုက်တောင်သူများ တက်ရောက်လေ့လာခဲ့ကြကြောင်း သိရသည်။



သီးနှံများ ရှင်သန်ကြီးထွားရေးတွင် ရေဓာတ် လိုအပ်ချက်သည် အတိုင်းအတာပမာဏအကန့်အသတ်ရှိသည်။ စပါးသားတက်ဆင့်ပွား နည်းပညာသရုပ်ပြစိုက်ခင်းတွင် စိုတစ်လှည့် ခြောက်တစ်လှည့် စိုက်ပျိုးရေပေးဝေသည့်စနစ်ဖြင့် စပါးပင်၏ ရေလိုအပ်ချက်ကို တွက်ချက်၍ လိုအပ်သလောက်သာ ရေပေးဝေသည့်စနစ်ကို အသုံးပြုထားခြင်းဖြစ်သည်။

စပါးသားတက်ဆင့်ပွား နည်းပညာသည် ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီပြီး မြေသြဇာကို စနစ်တကျ အသုံးချနိုင်လျှင် သက်တမ်းတိုတိုအတွင်း မိခင်အပင်၏ အထွက်နှုန်းနှင့် မကွာခြားသော အထွက်နှုန်းကို ရရှိနိုင်သည်။ မိခင်အပင်ထက် သက်တမ်းတိုခြင်းကြောင့် တစ်နှစ်လျှင် သုံးသီး လွယ်ကူစွာ စိုက်ပျိုးနိုင်ခြင်းဖြစ်သည်။ ပျိုးခင်းပြင်ဆင်ခြင်း၊ ကောက်စိုက်ခြင်း၊ မျိုးဝယ်ယူခြင်း၊ လုပ်အားခနှင့် စိုက်ပျိုးရေအသုံးပြုမှုကို လျှော့ချနိုင်ကာ မိခင်အပင်ကဲ့သို့ မျိုးကောင်းမျိုးသန့်ရရှိနိုင်သဖြင့် အကျိုးများသည့် နည်းစနစ်တစ်ခု ဖြစ်သည်။

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် တောင်သူများသည် သီးထပ်စိုက်ကြသည်။ စပါးအနေဖြင့် မိုးစပါးနှင့်နွေစပါး နှစ်သီးစိုက်ကြသည်။ ယခုနည်းစနစ်သည် နိုင်ငံတော်၏ တစ်နှစ်သုံးသီးစိုက်ပျိုးထုတ်လုပ်နိုင်ရေးကို များစွာအထောက်အကူ ဖြစ်စေသည်။

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် မျိုး၊ မြေ၊ ရေ၊ နည်းစနစ် ဤလေးမျိုးသည် အဓိကလိုအပ်ချက်ဖြစ်သည်။

မိုးနည်းသော ဒေသများတွင် စိုက်ပျိုးရေကို ချွေတာပြီး လိုအပ်သလောက် သုံးစွဲရေးသည် အလွန်အရေးကြီးသည်။ ယခု ရေချွေတာရေး နည်းစနစ်ကို ဖော်ထုတ်နိုင်ခဲ့ပြီး၊ အထွက်တိုးသည့် မျိုးကောင်း မျိုးသန့်များ၊ ခေတ်မီစက်ကိရိယာများ၊ စိုက်ပျိုးရေးနည်းစနစ်များ နှင့် စိုက်ပျိုးနည်းပညာများကို အသုံးပြုပြီး စိုက်ပျိုးထုတ်လုပ်ကြမည်ဆိုပါက အထွက်နှုန်းများ တိုးတက်ပြီး တောင်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်မှာ အသေအချာပင် ဖြစ်သည်။

ထို့ကြောင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာရေးအတွက် စိုက်ပျိုးနည်းစနစ်နှင့် နည်းပညာသစ်များ ရှာဖွေဖော်ထုတ်ကာ တောင်သူများ၏ လူနေမှုဘဝများသာမက နိုင်ငံ့စီးပွား တိုးတက်ရေးကိုပါ မြှင့်တင်ကြရန် လိုအပ်ပေသည်။

**ဇော်လင်းထွဋ်**

# ဥဇဘက်ကစ္စတန် ကြက်သွန်နီဈေး ဆက်လက်ကျဆင်း

ဥဇဘက်ကစ္စတန်နိုင်ငံရှိ ကြက်သွန်နီ လက်ကားဈေးနှုန်း အခြေအနေမှာ လွန်ခဲ့သည့်သုံးပတ်အတွင်း ပြည်ပဝယ်လိုအား လျော့နည်းနေပြီး ပြည်တွင်းဈေးကွက်တွင် ရောင်းလိုအား တိုးလာခြင်းကြောင့် ဈေးနှုန်းမှာ ၁၈ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း East Fruit ဈေးကွက်ကျွမ်းကျင်သူများထံက သိရသည်။




East Fruit ၏ ဈေးနှုန်းစောင့်ကြည့်မှုအရ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၀ ရက်မှ နိုဝင်ဘာ ၁၀ ရက်အထိ ကြက်သွန်နီ လက်ကားဈေးသည် တစ်ကီလိုလျှင် ဥဇဘက်ကစ္စတန်ငွေ ၂၂၀၀ မှ ၁၈၀၀ သို့ (ကန်ဒေါ်လာ ၀ ဒသမ ၁၈ မှ ၀ ဒသမ ၁၅ သို့) ကျဆင်းသွားသည်။

လက်ရှိ လက်ကားဈေးနှုန်းများသည် ယခင်နှစ်များထက် ၁ ဒသမ ၇ ဆ နိမ့်ကျလျက်ရှိပြီး ၂၀၂၀ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းများနှင့် တူညီလုနီးပါး ရှိနေသည်။

၂၀၂၂ ခုနှစ် အောက်တိုဘာနှင့် နိုဝင်ဘာများတွင် ကြက်သွန်နီဈေးနှုန်းမြင့်မားနေခြင်းမှာ ရုရှားနိုင်ငံမှ ယူကရိန်းနိုင်ငံရှိ ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်သည့် နေရာများကို ဖျက်ဆီးခဲ့သည့်အတွက် နိုင်ငံခြားဈေးကွက်တွင် ယူကရိန်းကဲ့သို့သော ပုံမှန်မဟုတ်သည့် ဝယ်လိုအား မြင့်မားခြင်းကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်သည်။

၂၀၂၂ ခုနှစ် အောက်တိုဘာနှင့် နိုဝင်ဘာ ပထမ ၁၀ ရက်အတွင်း ဥဇဘက်ကစ္စတန်သည် ကြက်သွန်နီ တန်ချိန် ၁၇၁၀၀ တင်ပို့ခဲ့ပြီး ယခုကာလနှင့်နှိုင်းယှဉ်ပါက ကြက်သွန်နီ တင်ပို့နိုင်မှုပမာဏသည် ၁၀ ဆ လျော့နည်းခဲ့သည်။

ပြည်တွင်းဈေးကွက်တွင် ကြက်သွန်နီ အမြောက်အမြားရှိပြီး ရောင်းလိုအားသည် ဝယ်လိုအားထက် ကျော်လွန်သောအခါ "ဝယ်သူအကြိုက် ဈေးကွက်" ဟု ပြောရလောက်သည့် ဈေးကွက်ပုံစံမျိုး ဖြစ်နေသည်။

၂၀၂၃ ခုနှစ် ဩဂုတ်အကုန်တွင် ဥဇဘက်ကစ္စတန်သည် ၂၀၂၃ ခုနှစ်တွင် စံချိန်တင် ကြက်သွန်နီ ရိတ်သိမ်းနိုင်ဖွယ်ရှိသည်ဟု East Fruit ကရေးသားထားပြီး ကြက်သွန်နီ ရိတ်သိမ်းမှုပမာဏ နှစ်စဉ်ပျမ်းမျှ ထုတ်လုပ်မှုပမာဏနှင့် နှိုင်းယှဉ်ပါက ၄၀ ရာခိုင်နှုန်း တိုးလာနိုင်သည်။

**မြတ်ဖူးငုံဦး**

# ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ဂျပန်ဆွေးနွေး

ဂျပန်နိုင်ငံအတွင်းရှိ တင်သွင်းသူများ၊ ထုတ်လုပ်သူများ၊ အစိုးရကိုယ်စားလှယ်များ၊ ရင်းနှီးမြှုပ်နှံသူများနှင့် တွေ့ဆုံဆွေးနွေးမှု လေးကြိမ်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

၎င်းတွင် Starzen၊ Salad Club၊ Fast Retailing၊ Hibaya-Inn နှင့် EcoWood အပါအဝင် ဂျပန်အစားအစာနှင့် အမျှင်ထုတ်ကုန်ထုတ်လုပ်သူများ၊ ရင်းနှီးမြှုပ်နှံသူများနှင့် တွေ့ဆုံမှုများ ပါဝင်မည်ဖြစ်သည်။

ကွင်းစလန်ပြည်နယ်နှင့် ဂျပန်အစိုးရ ကတိပြုထားသော ရာသီဥတုကို အဓိကဦးတည်ချမှတ်ထားသည့် ပန်းတိုင်များသည် ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုးရေးကဏ္ဍကို ဦးတည်နိုင်ရေးတို့အတွက် တွေ့ဆုံဆွေးနွေးပွဲတစ်ခုလည်း ဖြစ်ပေါ်လာမည်ဖြစ်သည်။

**အေးအေးခိုင်**

# အိန္ဒိယနိုင်ငံ ယခုနှစ် မိုးစပါးပေါ်ချိန် ၄၅ ရက်အတွင်း အစိုးရ၏ ဆန်ဝယ်ယူမှု ၄ ရာခိုင်နှုန်း လျော့နည်း



ယခုနှစ်တွင် အိန္ဒိယအစိုးရအရန် ဆန်ဝယ်ယူရေးအတွက် အဓိကတာဝန်ရှိသော အိန္ဒိယစားနပ်ရိက္ခာကော်ပိုရေးရှင်း (Food Corporation of India) က ဆန်ဝယ်ယူမှု လျော့နည်းခဲ့ကြောင်း သိရသည်။ ဝယ်ယူရေးရာသီစတင်သည့် အောက်တိုဘာ ၁ ရက်မှ နိုဝင်ဘာ ၁၅ ရက်အထိ အစိုးရက ဆန်ဝယ်ယူသည့် စာရင်းများအရ မက်ထရစ် တန်ချိန် ၁၆၁ ဒသမ ၃ သိန်းရှိပြီး၊ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၄ ဒသမ ၄ ရာခိုင်နှုန်း လျော့နည်းခဲ့သည်။

ပြီးခဲ့သည့် အောက်တိုဘာတွင် ဆန်ဝယ်ယူမှုပမာဏသည် လွန်ခဲ့သည့်နှစ် ကာလတူထက် ၉ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး အစိုးရအနေဖြင့် ယခုသီတင်းပတ် နှစ်ပတ်အတွင်း ဆန်ဝယ်ယူမှု မြင့်တက်လာသည်။

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက်က အစိုးရ၏ ဆန်ဝယ်ယူမှုပမာဏတန်ချိန် ၁၆၈ ဒသမ ၇၅ သိန်းရှိခဲ့ကာ၊ ယခုလ ပထမ သီတင်းပတ်နှစ်ပတ်အတွင်း ဆန်ဝယ်ယူမှု ပမာဏမှာ တန်ချိန် ၅၇ ဒသမ ၇၇ သိန်းရှိသဖြင့် လွန်ခဲ့သောနှစ် ကာလတူ တန်ချိန် ၅၄ ဒသမ ၆၂ သိန်းနှင့် နှိုင်းယှဉ်ပါက မြင့်တက်လာကြောင်း တွေ့ရသည်။

အိန္ဒိယအစိုးရသည် ဆန်ကို ၂၀၂၃-၂၀၂၄ ခုနှစ် ခါရစ် (မိုး) ရာသီ (အောက်တိုဘာ မှ စက်တင်ဘာ)အထိ တန်ချိန် ၅၂၁ ဒသမ ၂၇ သိန်း ဝယ်ယူရန် ရည်မှန်းထားသည်။

အဆိုပါ ခါရစ်ရာသီ၏ ဆန်ထုတ်လုပ်မှုမှာ လက်ရှိတွင် တန်ချိန် ၁၀၆ ဒသမ ၃၁ သန်းရှိပြီး၊ လွန်ခဲ့သောနှစ် ရာသီက ၁၁၀ ဒသမ ၅၁ သန်းရှိခဲ့သဖြင့် ၄ ရာခိုင်နှုန်းခန့် ကျဆင်းမည်ဟု အိန္ဒိယ စိုက်ပျိုးရေးဝန်ကြီးဌာနက ခန့်မှန်းထားသည်။

"ဘယ်လိုပဲ ပထမ သီတင်းပတ်နှစ်ပတ်မှာ ဆန်ဝယ်ယူမှု တိုးတယ်ပဲဆိုဆို ၂၀၂၁ ခုနှစ် ခါရစ်ရာသီနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၁၀ သိန်းနီးပါး လျော့နည်းနေပါတယ်။ ဥတ္တရပရာဒက်နှင့် ဘီဟာပြည်နယ်တို့ကဲ့သို့ စပါးအဓိကစိုက်ပျိုးသည့် ပြည်နယ်များတွင် ယမန်နှစ်က မိုးရွာသွန်းမှု လျော့နည်းပြီး၊ ၂၀၂၃ ခုနှစ် ဩဂုတ်က အခြောက်သွေ့ဆုံးဖြစ်ခဲ့သဖြင့် ပြည်နယ် အများစုရှိ စပါးစိုက်ပျိုးမှုကို သက်ရောက်မှုတွေ ရှိခဲ့ပါတယ်။ ပြန်လည်စိုက်ပျိုးတာတွေလုပ်ခဲ့ရတဲ့ ပြည်နယ်ဒေသအစိတ်အပိုင်း တော်တော်များများဟာ စပါးထွက်ရှိမှု နှောင့်နှေးကြန့်ကြာနေဦးမှာပဲဖြစ်ပါတယ်" ဟု တရားဝင် သတင်းရင်းမြစ်တစ်ခုက ပြောကြားသည်။

ပထမလတွင် ပန်ဂျပ်ပြည်နယ်မှ ဗဟိုစားနပ်ရိက္ခာသိုလှောင်ရုံများသို့ ပေးပို့လာသော ဆန်ပမာဏ ၁၃ ရာခိုင်နှုန်း ကျဆင်းခဲ့သော်လည်း၊ နိုဝင်ဘာ ၁၅ ရက်အထိ ပြည်နယ်က ဆန်ဝယ်မှုပမာဏမှာ တန်ချိန် ၁၀၈ ဒသမ ၇ သိန်းရှိခဲ့ကြောင်း သိရသည်။

သို့သော် ယခင်ကာလတူတွင် တန်ချိန် ၁၁၃ ဒသမ ၇ သိန်း ရှိခဲ့သဖြင့် ၄ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ အစိုးရက နိုဝင်ဘာကုန်တွင် ပန်ဂျပ်ပြည်နယ်က ဆန်တန်ချိန် ၁၂၂ သိန်းဝယ်ယူရန် ရည်မှန်းထားခြင်းဖြစ်သည်။

ယခုသီတင်းပတ်အစောပိုင်းတွင် ပြည်နယ်အစိုးရအနေဖြင့် လယ်သမားများ ဆန္ဒပြနေသည့်ကြားက ဆန်ဝယ်ယူမှုဗဟိုဌာန ၃၀၀ နီးပါးအား ပြန်လည်ဖွင့်လှစ်ခဲ့သည်။

မိုးရွာသွန်းမှုများပြားပြီး သစ်ပင်ပိခြင်းတို့ ဖြစ်ပွားပြီး ခရိုင်အချို့တွင် စပါးပင်များကို ပြန်လည်စိုက်ပျိုးကြရသဖြင့် ရိတ်သိမ်းချိန် နောက်ကျပြီး စပါးထွက်ရှိချိန် နောက်ကျနေမည်ဖြစ်သည်။

အစိုးရအနေဖြင့် စပါးအထွက်နှုန်းကျပြီး ဈေးကောင်းရသဖြင့် လယ်သမားများ အနေဖြင့် အစိုးရ၏ ပြင်ပဈေးကွက် များသို့ ရောင်းချသွားဖွယ် ရှိကြောင်း ကနဦးက ယူဆထားသော်လည်း၊ နောက်ပိုင်းတွင် ပြဿနာအခြေအနေများကို ရိပ်စားမိသဖြင့် ဗဟိုဌာန ၂၈၅ ခုကို စပါးဝယ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

ကောင်းထွဋ်ဇော်



## စာဖတ်သူပရိသတ်အား လေးစားစွာ အသိပေးခြင်း

- လယ်ယာစီးပွားသတင်းစာစောင်အား လက်ရှိ (Printed Journal) အဖြစ် ထုတ်ဝေလျက်ရှိရာမှ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဒစ်ဂျစ်တယ်သတင်းစာစောင်အဖြစ် ပြောင်းလဲမည်ဖြစ်ပါကြောင်း စာဖတ်သူပရိသတ်အပေါင်းအား လေးစားစွာ အသိပေးအပ်ပါသည်။
- ဒစ်ဂျစ်တယ်စနစ်ဖြင့် ထုတ်ဝေခြင်းဖြင့် လယ်ယာကဏ္ဍဆိုင်ရာ သတင်း/ ဆောင်းပါးများကို လယ်ယာစိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် ပါဝင်ပတ်သက်သူများ အားလုံးကလယ်ယာစီးပွားသတင်း Website(www.agribiznews.com)တွင် လည်းကောင်း၊ မိမိတို့လက်ကိုင်ဖုန်းမှတစ်ဆင့် App ဖြင့်လည်းကောင်း ဖတ်ရှုနိုင်မည် ဖြစ်ပါသည်။
- ဒစ်ဂျစ်တယ်စာစောင်၏ ပုံမှန်သတင်းများအား ဖုန်း Application (agribiznews) ကို Play Store မှ Download ပြုလုပ်၍ ဖတ်ရှုနိုင်မည်ဖြစ်ပြီး လယ်ယာဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များကိုမူ User အဖြစ် Sign-up ပြုလုပ်မှသာ ဝင်ရောက်ဖတ်ရှုနိုင်ရန် စီစဉ်ထားပါကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။



# ကုန်းမြင့်တောင်စောင်း နှင့် စနစ်မှန် ကွန်တိုလိုင်း

တုန်းမြတ်

ယခုတိုင် မှားယွင်းနေသောစနစ်များကို စိုက်ပျိုးရေးလုပ်ငန်းများ၌ တွေ့မြင်နေရပါသည်။ ချက်ချင်းပြုပြင်ပေးလိုက်သည်နှင့် ကောင်းကျိုးများစွာရရှိပါမည်။ ဤသည်မှာ ကုန်းမြင့်တောင်စောင်းများရှိသော ဒေသများတွင် တွေ့နေရပါသည်။ ကုန်းမြင့်တောင်စောင်းများ၊ သီးနှံစိုက်ခင်းများ ပြုလုပ်ကြပါသည်။ စိုက်ပျိုးရေးနည်းပညာဆက်စပ်သိရှိလိုသူများသည် စနစ်မှန်ဖြင့်စိုက်ပျိုးကြသော်လည်း အနည်းစုမှာ စနစ်မှားကို ကျင့်သုံးကြသည်။ ဤသို့ စနစ်မှားကျင့်သုံးမှုတွင် စိုက်ပျိုးရေးနှင့်မဆက်စပ်သည့် အခြားသောဌာနဆိုင်ရာတို့၏ ခြံ၊ စိုက်ခင်းများ၌ တွေ့မြင်နေရမှုသည် မကောင်းလှပါ။ သိရှိနားလည်သောပညာရှင်များသည် ပြောပြ၊ ပြုပြင်ပေးကြ၊ နည်းပေးလမ်းပြ ပြုလုပ်သင့်ပါသည်။

ကျွန်တော်သည် လွန်ခဲ့သော နှစ် ၃၀ ကျော်ကာလတွင် နာဂတောင်တန်းဒေသ၌ လှေကားထစ် လယ်ယာစနစ်ပြုလုပ်မှု တာဝန်ယူခဲ့ရဖူးပါသည်။ ဤကာလသည် နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိ၍ သွားလာလုပ်ကိုင်ရမှုခက်ခဲသော်လည်း ယခုကာလတွင် အိန္ဒိယနယ်စပ်ထိအောင် ဆိုင်ကယ်စီး၍သွားနိုင်ပြီ။ လဟယ်မြို့သို့ ချင်းတွင်းမြစ်ဘေးရှိ ဆင်သေရွာမှ နေ့ချင်းပေါက် မော်တော်ကားဖြင့် သွားနိုင်ပြီ။ မိမိတို့ရှိစဉ်က ငါးည၊ ခြောက်ရက်ကြာ ၅၆ မိုင်ခရီးကို ခြေလျင်သွားခဲ့ရသည်နှင့် မတူတော့ပါ။ လဟယ်မြို့၏ အထက်ဘက် ခရီးဆက်သွားရသော အံပေါ်ရွာတွင် စိုက်ပျိုးရေးဌာနမှ ပြုလုပ်ပေးထားသော လှေကားထစ်ယာမြေများ ရှိပါသည်။

တောင်ယာစနစ်၏ တောင်ကတုံးများဖြစ်မှု၊ တောပြုန်းမှု၊ ရာသီဥတုပြောင်းလဲမှုကို အခြေတကျ စိုက်ပျိုးရေးလုပ်နိုင်သော လှေကားထစ် လယ်ယာမြေစနစ်ဖြင့် ထိုစဉ်က ပြောင်းလဲမှုပြုလုပ်ခဲ့သည်။ ရွှေ့ပြောင်းတောင်ယာအစား အမြဲတမ်းလယ်ယာမြေ လှေကားထစ်စနစ်ဖြစ်သည်။

ဤသည်မှာ ယခင်ကာလတွင် ပြုလုပ်ခဲ့သော ရွှေ့ပြောင်းတောင်ယာစနစ်မှ ပြောင်းလဲကျင့်သုံးရမည့် လယ်ယာစနစ်ဖြစ်သည်။ ယခုကျင့်သုံးနေကြသည်မှာ လှေကားထစ် လယ်ယာစနစ်အပြင် တောင်စောင်းစိုက်ပျိုးရေးစနစ်ဖြစ်သည်။

တောင်၏ မြင့်မားမတ်စောက်မှု၊ ပြေပြစ်မှုကိုကြည့်၍ တောင်စောင်းစိုက်ပျိုးရေးကို ကျင့်သုံးရသည်။ ခရီးအမြဲထွက်ခဲ့ရသော ကျွန်တော်သည် နေရာဒေသအစုံမှ စိုက်ပျိုးမှုစနစ်မျိုးစုံကို မြင်တွေ့ခဲ့ရသည်။ ဘဝင်မကျသည်မှာ ဆောင်းပါးအစတွင် ဖော်ပြခဲ့သလို တောင်စောင်းကို လှေကားထစ်ကန့်လန့်စိုက်ကြောင်း မပြုလုပ်ဘဲ တောင်ပေါ်မှ တောင်အောက်တိုင်အောင် (တောင်ထိပ်မှ တောင်အောက်ခြေတိုင်အောင်) စိုက်ကြောင်း စိုက်တန်းကို အမြင့်မှအနိမ့်သို့ ကန့်လန့်မလုပ်ဘဲ တည့်တည့်ပြုလုပ်ကြခြင်း စနစ်မှားပြုလုပ်ထားကြခြင်း ဖြစ်သည်။ ဤသို့ပြုလုပ်ကြသဖြင့် ရေစားမှုခံရသည်။ တောင်စောင်းရှိ မြေသားကုန်ဆုံးသည်။ အောက်ခြေရှိ ချောင်း၊ မြစ်များထဲရောက်၍ သဲနုန်းပို့ချခံရသည်။ မြစ်တွေ၊ ချောင်းတွေ၊ ရေကြီးရေလွှမ်း ခံရသည်။

ပြည်မြို့မှ ကြံခင်းမြန်အောင်ဘက်သို့ ခရီးသွားလျှင် ဧရာဝတီမြစ်ဖြတ်တံတား (နဝဒေး)ကို ဖြတ်ကျော်ရသည်။ တံတားကျော်ဖြတ်ပြီးသည်နှင့် မြေအခြေအနေသည် မြေပြန့်နည်းပါး၍ တောင်စောင်းများ တောင်ကုန်းများရှိလာပြီ။ တောင်ကုန်း တောင်စောင်းများတွင် သဘော်ပင်များ စိုက်ထားကြသည်။ တောင်စောင်းစိုက်ပျိုးမှုတွင် တောင်ကို ကန့်လန့်စိုက်တန်းဖြင့် အရစ်လိုက်၊ အရစ်လိုက် စိုက်ကြခြင်းဖြင့် မြေသား၊ ရေစား၊ လေစားနည်းပါးပါသည်။ စနစ်မှန်ဖြစ်ပါသည်။



မွန်ပြည်နယ်ခရီးစဉ်တွင် တွေ့မြင်ခဲ့ရသည်မှာ စစ်တောင်းမြစ်ကို စစ်တောင်းတံတားကြီးကျော်သည်နှင့် မုပ္ပလင်ဘက်ခြမ်းသည် တောင်ကုန်းတောင်စောင်းများ ရှိလာသည်။ မြေကလည်း ပဲခူးတိုင်းဒေသကြီးကဲ့သို့ မဟုတ်ဘဲ မြေနီ၊ ဂဝံမြေ၊ သစ်တောမြေအဖြစ်သို့ မြေသားများပြောင်းလဲ၍ ဖြစ်လာသည်။ မုပ္ပလင်ကျော်၍ အင်္ဂလိပ်ရွာမရောက်မီ ဌာနတစ်ခု၏ စိုက်ခင်းသည် တောင်စောင်းတွင် စိုက်တန်းထားရှိပုံမှာ ကန့်လန့်ခံမဟုတ်ဘဲ တောင်ပေါ်မှ တောင်ခြေထိ စိုက်ကြောင်းတည့်တည့်ဆွဲ၍ စိုက်ထားသည်။ မြေစာ၊ လေစား၊ ရေစားခံရမည့်စနစ်မှား ဖြစ်ပါသည်။ အကြိမ်ကြိမ် ဤဒေသရောက်ရှိလည်း ဤစနစ်အတိုင်း စိုက်ပျိုးထားသည်ကို တွေ့မြင်နေရပါသေးသည်။

ကုန်းမြင့်တောင်စောင်းစိုက်ပျိုးမှုစနစ်တွင် မြေဆီလွှာ ထိန်းသိမ်းရေးလုပ်ငန်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းဟူ၍ လုပ်ငန်းနှစ်ရပ် ပူးတွဲပါရှိနေသည်။ တောင်ထိပ်နေရာတွင် သစ်တော၊ သစ်ပင်အုပ်ပုံသဏ္ဌာန်ရှိရန် အပင်ကြီးများစိုက်ပျိုး၍ ထိပ်ပိုင်းမြေကို ထီးပုံသဏ္ဌာန်မိုးကာထားပြီး ထိန်းသိမ်းထားသည်။ တောင်စောင်းနေရာတွင် ဥယျာဉ်ခြံသီးနှံ၊ ကိုင်းကျွန်းကိုင်းဆက် အပင်လတ် အရွယ်၊ သရက်၊ ပိန္နဲ၊ မာလကာ၊ ဆီး စိုက်ပျိုးနိုင်သကဲ့သို့ ကောက်ပဲသီးနှံကိုလည်း စိုက်ပျိုးနိုင် သည်။ များသောအားဖြင့် ကော်ဖီ၊ လက်ဖက်၊ နာနတ်၊ ရော်ဘာစိုက်ပျိုးကြသည်။ တောင်၏မတ်စောက်သော အမြင့်ကို တိုင်းတာမှတ်သားရာတွင်လည်း ပြုလုပ်ရန် လွယ်ကူသော အေပုံသဏ္ဌာန် သစ်သားခွဒေါက်ဖြင့် တိုင်းတာနိုင်သည်။ (နည်းစနစ်များကို လယ်ယာစီးပွားသတင်း အမှတ်စဉ် ၈၁၄ တွင် တောင်စောင်းစိုက်ပျိုးမှု ဆောင်းပါးဖြင့် ဖော်ပြပြီး ဖြစ်သည်။)

ရေပြင်ညီအတိုင်းပေ ၁၀၀ တွင် တောင်စောင်း၏ ထောင့်မတ်အမြင့်သည် တောင်စောင်း၏ ရာခိုင်နှုန်းဟု ယေဘုယျသတ်မှတ်သည်။ တောင်စောင်း ရာခိုင်နှုန်း ၅ မှ ၂၀ ရှိလျှင် ပြေပြစ်သော ဆင်ခြေလျှောဟု သတ်မှတ်သည်။ တောင်စောင်းရာခိုင်နှုန်း ၂၀ မှ ၆၀ ရှိလျှင် မတ်စောက်သော ဆင်ခြေလျှောဟု သတ်မှတ်သည်။ တောင်စောင်းရာခိုင်နှုန်း ၆၀ ကျော်လျှင် ကောက်ပဲသီးနှံစိုက်ပျိုးသင့်သော စိုက်ပျိုးမြေအဖြစ် အသုံးမပြုကြသင့်ပါ။ ပြေပြစ်သော ဆင်ခြေလျှော (ရာခိုင်နှုန်း ၅ မှ ၂၀) အတွင်း ရေတားမြောင်းများကို တောင်စောင်းတွင် ပတ်လည်ကန့်လန့်ဖြတ်ပြုလုပ်၍ မြောင်းပေါင်ပေါ်တွင် လေကာပင်များ စိုက်ပျိုးနိုင်သည်။ မြောင်းပေါင်ခိုင်ခန့်ရန် ဘောင်ပေါ်တွင် မြက်ကို စိုက်ပျိုးထားနိုင်သည်။ ရေတားမြောင်းတစ်ခုနှင့် တစ်ခုကြားတွင် သီးနှံစိုက်ခင်းပြုလုပ်၍ စိုက်ပျိုးနိုင်သည်။ မတ်စောက်သော ဆင်ခြေလျှောတောင်စောင်း (ရာခိုင်နှုန်း ၂၀ မှ ၆၀) တွင် လှေကားထစ် လယ်ယာပုံစံ စပါးစိုက်ပျိုးနိုင်သည်။ ပဲစိုက်ပျိုးနိုင်သည်။ လှေကားထစ် အခြေတွင် ရေမြောင်းထားရှိရသည်။ လှေကားထစ်၏ ဘေးနံရံတွင် မြက်ပင်များကပ်၍ စိုက်ပျိုးထားလျှင် လှေကားထစ်ပေါင် ခိုင်ခံ့သည်။ ဤစနစ်များသည် ရေတိုက်စားမှု နည်းပါးအောင်

စာ - ၁၈ သို့

# World Coffee Dubai 2024 ဆင်နွှဲရန် မြန်မာ့ကော်ဖီရောင်းချသူများကို ဖိတ်ကြား




ဇန်နဝါရီ ၂၂ ရက်မှ ၂၄ ရက်တွင် ဒူဘိုင်းမြို့၌ ကျင်းပမည့် World Coffee Dubai 2024 တွင် ပါဝင်ဆင်နွှဲရန် နိုင်ငံတကာသို့ ဈေးကွက်ချဲ့ထွင်လိုသည့် မြန်မာ့ကော်ဖီ ရောင်းချသူများကို ဖိတ်ကြားထားကြောင်းကို ဒူဘိုင်းမြို့ရှိ မြန်မာနိုင်ငံ စီးပွားရေးဆိုင်ရာ သံကိုယ်စားလှယ်ထံက သိရသည်။

World Coffee Dubai 2024 သည် ကြီးမားကျယ်ပြန့်လာသည့် ကော်ဖီလုပ်ငန်း နယ်ပယ်အတွင်း အလုပ်အကိုင် အခွင့်အလမ်းများ ရှာဖွေလျက်ရှိသော ပြပွဲစီစဉ်သူများနှင့် ဧည့်သည်တော်များအကြား ပိုမိုကျယ်ပြန့်စွာ ချိတ်ဆက်ဆောင်ရွက်ပေးနိုင်သည့် ကွန်ရက်သဖွယ်ဖြစ်သည်ကို ပြသနိုင်ရန် World Coffee Dubai DXB Live ကကြီးမှူးကျင်းပသွားမည် ဖြစ်သည်။

ပြပွဲတွင် Roaster Village, Cup Room နှင့် Brew Bar ကဲ့သို့ အမျိုးမျိုးသော အစီအစဉ်များ ပါဝင်မည်ဖြစ်သည်။

ထို့ပြင် အလုပ်ရုံဆွေးနွေးပွဲများတွင် ရေရှည်တည်တံ့ခိုင်မြဲပြီး လုပ်ရည်ကိုင်ရည်နှင့် တီထွင်ကြံဆနိုင်စွမ်းကို အသုံးချနိုင်သော အလေ့အကျင့်ကောင်းများအပေါ် အထူးအလေးပေး ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည့်စုံကောင်းမွန်သည့် ထုတ်လုပ်မှုများ ဆောင်ရွက်နိုင်ရန် ဆွေးနွေးပွဲအတွင်း နိုင်ငံတကာ ကော်ဖီအသိုက်အဝန်း ဆွေးနွေးမှုများနှင့် ကတိကဝတ်များအရ လုပ်ငန်းခွင်၌ အရေးကြီးသော ရေရှည်တည်တံ့သည့် အလေ့အကျင့်များကို ပေါ်လွင်မြင်သာစေရန် သတ်မှတ်နေရာများ စီမံဆောင်ရွက်သွားမည် ဖြစ်သည်။

အဆိုပါအလုပ်ရုံ ဆွေးနွေးပွဲများသည် ဒေသတွင်း ဈေးကွက်ချဲ့ထွင်ရန် ကြိုးပမ်းနေသော ထိပ်တန်းအမှတ်တံဆိပ်များနှင့် လူသိများကျော်ကြားပြီးသော ကော်ဖီအမှတ်တံဆိပ်များအဖြစ် ရပ်တည်ရန်နှင့် ရင်းနှီးမြှုပ်နှံသူများထံ Franchise Village ကဲ့သို့သော ကုန်ပစ္စည်းအသစ်များကို ကြော်ငြာမိတ်ဆက်ကာ သိရှိစေနိုင်မည် ဖြစ်သည်။

ပြပွဲအစီအစဉ်များတွင် ဝယ်ယူသူများ နားနေခန်း၌ ဝယ်သူများ၊ ကော်ဖီစိုက်တောင်သူများ၊ ကုန်သည်များ၊ ဖြန့်ဖြူးသူများ၊ ကော်ဖီစေ့လှော်သူများ၊ ခရီးသွားလုပ်ငန်းနှင့် ဧည့်သည်ဝန်ဆောင်မှုကဏ္ဍများက စားသောက်ဖွယ်ရာ၊ အဖျော်ယမကာ မန်နေဂျာများ တွေ့ဆုံဆွေးနွေးနိုင်မည် ဖြစ်သည်။

ယင်းဆောင်ရွက်မှုက ကော်ဖီလုပ်ငန်းရှိ သက်ဆိုင်သူများအကြား အပြန်အလှန် ဆက်နွှယ်ချိတ်ဆက်မှုကို အားကောင်းစေပြီး အလားအလာရှိသောစီးပွားဖက်များနှင့်ငွေပေးချေမှုဆိုင်ရာကိစ္စများအတွက် စံနမူနာသဖွယ် ဖြစ်စေမည် ဖြစ်သည်။

၂၀၂၄ ပြပွဲ၌ ဆွေးနွေးပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများတွင် ပါဝင်ဆောင်ရွက်ရန် ခန်းမဆောင်နှစ်ခု စီစဉ်ထားပေးမည်ဖြစ်ပြီး ခန်းမဆောင်တစ်ခု၌ ကော်ဖီလက်ရွေးစင်အသင်း၏ ဆွေးနွေးပွဲများ ကျင်းပရန် ရည်ရွယ်ထားကာ၊ အခြားခန်းမဆောင်၌ လတ်တလော ရေပန်းစားလျက်ရှိသည့် အကြောင်းအရာများ၊ ဆန်းသစ်တီထွင်မှုများနှင့် ကော်ဖီထုတ်ကုန်ဆိုင်ရာများကို ကမ္ဘာတစ်ဝန်း ကော်ဖီထုတ်ကုန်ကျွမ်းကျင်ပညာရှင်များနှင့် အထူးပြုလေ့လာသူများ ပါဝင်ကာ ကဏ္ဍစုံဆွေးနွေးသွားမည် ဖြစ်သည်။

၎င်းပြပွဲသည် ပူးပေါင်းပါဝင်သူများအတွက် နိုင်ငံတကာ ကော်ဖီလုပ်ငန်းနှင့် ကွန်ရက် ဖြန့်ကျက် ပေါင်းကူးချိတ်ဆက်စေနိုင်မည့်အပြင် ပြပွဲအစီအစဉ်ပေါင်းများစွာသည် ဈေးကွက်ချဲ့ထွင်ရန်နှင့် ကော်ဖီလုပ်ငန်းအတွက်အခွင့်အလမ်းပေါင်းများစွာ ချိတ်ဆက်ရရှိစေနိုင်မည့် အခမ်းအနားတစ်ခုသဖွယ် ဖြစ်စေနိုင်သဖြင့် စိတ်ပါဝင်စားသူများအနေဖြင့် dubai.worldof-coffee.org သို့ သွားရောက်ကာ ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**နှင်းရီဝင်း**





| စဉ် | ဓာတ်မြေဩဇာအမည် | ယူနစ် | | [illegible] | ရန်ကုန် | မန္တလေး | ပဲခူး | မကွေး | စစ်ကိုင်း | [illegible] | [illegible] | ကချင် | [illegible] | [illegible] | ရှမ်း(တောင်) | ရှမ်း(မြောက်) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေတွက်ပုံ | တစ်ယူနစ်ပမာဏ | | | | | | | | | | | | | |
| ၁။ | [illegible] (20:10:10) | အိတ် | [illegible] ကီလို | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | အိတ် | [illegible] ကီလို | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |



# သီးနှံတွဲဖက်မှုမှန်ကန်ပါကသီးနှံတစ်မျိုးချင်းအထွက်နှုန်းတိုးတက်နိုင်

**နေပြည်တော် နိုဝင်ဘာ ၂၅**

မြေကွက်တစ်ကွက်ထဲတွင် သီးနှံဇီဝမျိုးကွဲ စုံလင်စွာ စိုက်ပျိုးနိုင်ခြင်းကြောင့် တစ်ကွက်ထဲက သီးနှံမျိုးစုံထွက်ရှိနိုင်ပြီး သီးနှံတွဲဖက်မှု မှန်ကန်ပါက သီးနှံတစ်မျိုးချင်း အထွက်တိုးစေနိုင်မှုကို သုတေသနပြု တွေ့ရှိထားကြောင်း ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာအုပ်စု၌ တောင်သူများနှင့် တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ပြောကြားသည်။

ရာသီဥတုဖောက်ပြန်မှု နှင့် ပိုးမွှားကျရောက်မှုကြောင့် သီးနှံအလုံးစုံ ဆုံးရှုံးမှု အန္တရာယ်မှ ရှောင်လွှဲနိုင်ပြီး သီးနှံတစ်မျိုးနှင့်တစ်မျိုး ရေနှင့်အာဟာရဓာတ်လိုအပ်ချက် မတူညီသောကြောင့် ရေနှင့်မြေအရင်းအမြစ်များကို ထိရောက်စွာ အသုံးချနိုင်ခြင်းဖြင့် မြေဆီလွှာကျန်းမာရေးကို ကောင်းမွန်စေနိုင်သည်။

သီးနှံစုံအကန့်လိုက် စိုက်ပျိုးခြင်း (Strip Cropping)ကြောင့် ရာသီဥတုဖောက်ပြန်လျှင် သီးနှံတစ်မျိုး ဆုံးရှုံးနိုင်သော်လည်း အခြားအကန့်တွင် စိုက်ပျိုးထားသော သီးနှံက ပန်းတိုင်အထွက်နှုန်းရရှိကာ မရေရာမှုကို လျှော့ချနိုင်ပြီး၊ သီးနှံမျိုးပေါ်မူတည်၍ ဝယ်လိုအားသီးခြားရှိနိုင်ခြင်းကြောင့် ဈေးကွက်အခွင့်အလမ်းတိုးမြှင့်ကာ၊ အကျိုးအမြတ်များစေနိုင်ကြောင်း သိရသည်။

ထို့ပြင် သီးနှံတစ်မျိုး၏ ဈေးကွက်မတည်ငြိမ်မှု ဆိုးကျိုးကို အခြားသီးနှံများ ဈေးကွက်ဖြင့် ထိန်းညှိလျှော့ချနိုင်ကာ၊ ဓာတုသွင်းအားစုများ လျှော့ချနိုင်ခြင်းဖြင့် ဂေဟစနစ်ကို ပိုမိုကောင်းစေနိုင်ခြင်းနှင့်အတူ ထုတ်လုပ်မှုကုန်ကျစရိတ် လျှော့ချ၍ အကျိုးအမြတ်ပိုမိုရရှိနိုင်မည် ဖြစ်သည်။

ရေ၊ မြေ၊ ဒေသ၊ ရာသီဥတုနှင့် လိုက်လျောညီထွေမှုရှိသော ဆီထွက်သီးနှံပုံစံ စိုက်ပျိုးမှုမှတစ်ဆင့် ဈေးကွက် ဝယ်လိုအားကို ဖြည့်ဆည်းကာ နိုင်ငံ့စီးပွားမြှင့်တင်ရေး လုပ်ငန်းများတွင် အကျိုးအမြတ်များ ပိုမိုရရှိနိုင်ကြောင်း သိရသည်။

ထိုစနစ်ကို နိုင်ငံတကာတွင် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ကြံ့ကြံ့ခံနိုင်စေရန် ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးနေကြပြီဖြစ်သည်။

စပါးအခြေခံ သီးနှံပုံစံတွင် စပါးအပြီး ဆီထွက်သီးနှံများ၊ စပါးအပြီး ဖူးစားပြောင်းနှင့် အစေ့ထုတ်ပြောင်းသီးနှံပုံစံများကို လယ်သမားများပါဝင်သော သုတေသနလုပ်ငန်းများ လုပ်ကိုင်ကြစေရန်နှင့် စပါးအပြီး ယာသီးနှံများ စိုက်ပျိုးရာတွင် ဖြည့်စွက်ရေ တစ်ကြိမ် မှ နှစ်ကြိမ် လိုအပ်သလို ပေးသွင်းပါက ထည့်သွင်းပေးခဲ့သည့် သွင်းအားစုများကို အပင်က ကျယ်ကျယ်ပြန့်ပြန့် တုန့်ပြန်စားသုံးနိုင်ခြင်းကြောင့် သီးနှံအထွက်နှုန်းကို တိုးတက်မြင့်မားစေနိုင်ကြောင်း သိရသည်။

ရေသွင်းရာတွင်လည်း မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် ရှေးပဝေသဏီကပင် ကျင့်သုံးလျက်ရှိသော ဘောင်ကြီးတင် (Broad Bed and Furrow) စနစ်များကို စမ်းသပ်ကြည့်ရန် လိုအပ်သည်။ ထိုစနစ်၏အားသာချက်သည် ရေလိုအပ်လျှင် သီးနှံမထိခိုက်အောင် ရေကို သုံးနိုင်ခြင်း၊ အချိန်အခါမဟုတ် မိုးကြီးပါက ရေထုတ်ရလွယ်ကူစေခြင်းတို့ကြောင့် အယ်လ်နီညိုဖြစ်စဉ်အတွက် အကောင်းဆုံးပြင်ဆင်နိုင်မည့်စနစ် ဖြစ်သည်။

**MOALI ပြန်ကြားရေး**




**နေပြည်တော် နိုဝင်ဘာ ၂၂**

စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများကိုယ်တိုင်ပူးပေါင်းပါဝင်သော သက်လျှင်အထွက်ကောင်း စပါးမျိုးလိုင်းများ မျိုးရွေးချယ်ခြင်းကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာတွင် ယနေ့ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် တက်ရောက်အားပေးရွေးချယ်ပေးကြောင်း သိရသည်။

မျိုးလိုင်းများ ရွေးချယ်ခြင်းလုပ်ငန်း၌ စိုက်ပျိုးရေးသုတေသနဦးစီးဌာနက သုတေသနပြု ထုတ်လုပ်ထားသည့် အလားအလာကောင်း စပါးမျိုးလိုင်းများ၏ အရည်အသွေးလက္ခဏာများကို တောင်သူများကိုယ်တိုင် မျက်မြင်ရွေးချယ်နိုင်စေရန် ယခုကဲ့သို့ ဖိတ်ခေါ်ဆောင်ရွက်ခြင်း ဖြစ်သည်။

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် သက်ဆိုင်ရာဦးစီးဌာနများနှင့်အတူ တောင်သူများ၏ပူးပေါင်းပါဝင်မှုသည် အလွန်အရေးပါပြီး၊ အပင် သက်တမ်းအလိုက် တန်ဖိုးရှိသည့် မျိုးလိုင်းများမှ သန့်စင်ရွေးထုတ်ခြင်းလုပ်ငန်းနှင့်အတူ မျိုးစေ့ထုတ်လုပ်မှုဆိုင်ရာလုပ်ငန်းစဉ် ကွင်းဆက်တစ်လျှောက်ကို တောင်သူများကိုယ်တိုင် ကျွမ်းကျင်စွာ ဆောင်ရွက်ရန်လိုသည်။

သီးနှံများ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်သကဲ့သို့ သီးနှံမျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ခြင်းကိုလည်း တောင်သူများ စီးပွားဖြစ်ဆောင်ရွက်လာနိုင်ပါက ဒေသအလိုက် မျိုးကောင်း

## မိုးနှမ်းများ ဈေးကောင်းရ

လက်ရှိတွင် တရုတ်ဝယ်လက်များသည် မြန်မာမိုးနှမ်းများကို မျက်စိကျလျက်ရှိပြီး နှမ်းဈေးနှုန်းမှာ ၁၅ ပိသာဝင် တစ်တင်းလျှင် ၁၀၀၀၀၀ ကျပ်အထိ မြင့်တက်လာကြောင်း သိရသည်။

မုံရွာနှင့်မန္တလေးဈေးကွက်တို့တွင် မြေပဲဈေးနှုန်းများ ကျဆင်းမှုကြောင့် မြေပဲဆီဈေးနှုန်းများ ကျဆင်းသွားကြောင်း သိရသည်။

အဆိုပါရက်များ၌ မုံရွာကုန်စည်ဒိုင်တွင် မြေပဲဆီလက်ကားဈေးနှုန်းသည် တစ်ပိသာလျှင် ၁၁၅၀၀ ကျပ်နှင့် နှမ်းဆီ လက်ကားဈေးနှုန်းမှာ တစ်ပိသာလျှင် ၁၂၀၀၀ ကျပ် ရှိသည်။

ရှုလိုင်အစောပိုင်းတွင် မြေပဲဆီဈေးနှုန်းသည် တစ်ပိသာလျှင် ၁၃၀၀၀ ကျပ်မှ ၁၃၅၀၀ ကျပ်အထိနှင့် နှမ်းဆီဈေးနှုန်းမှာ တစ်ပိသာလျှင် ၁၂၀၀၀ ကျပ်မှ ၁၂၅၀၀ ကျပ်အထိရှိသည်။

နိုဝင်ဘာ နောက်ဆုံးပတ်၌ စားအုန်းဆီ လက်ကား ရည်ညွှန်းဈေးနှုန်းမှာ တစ်ပိသာလျှင် ၄၉၀၀ ကျပ်အထိ ရှိသည်။

မန္တလေးဈေးကွက်တွင် မြေပဲဆီ လက်ကားဈေးနှုန်းနှင့် စားအုန်းဆီ လက်ကားရည်ညွှန်းဈေးနှုန်းများကြား ကွာဟချက်မှာ ခန့်မှန်းခြေ တစ်ပိသာလျှင် ၆၀၀၀ ကျပ်မှ ၇၀၀၀ ကျပ်အထိ ရှိသည်။


ရန်ကုန်ဈေးကွက်တွင် စားအုန်းဆီ လက်လီရည်ညွှန်းဈေးနှုန်းနှင့် မြေပဲဆီဈေးနှုန်းတို့၏ ကွာဟချက်မှာ တစ်ပိသာလျှင် ၁၀၀၀၀ ကျပ်အထိရှိပြီး မြေပဲဆန်ဈေးနှုန်းမှာ တစ်ပိသာလျှင် ၇၀၀၀ ကျပ်အထိ ရှိသည်။

လက်ရှိ မြေပဲဆန်ဈေးနှုန်းမှာ တစ်ပိသာလျှင် ၁၀၀၀ ကျပ်ခန့် ကျဆင်းသွားပြီး ၂၀၂၃ ခုနှစ် နှစ်လယ်ပိုင်းတွင် မြေပဲဆန်ဈေးနှုန်းမှာ တစ်ပိသာလျှင် ၇၀၀၀ ကျပ်အထိ ကျဆင်းသွားသည်။

မြေပဲဆန် အရည်အသွေးပေါ်မူတည်၍ မြေပဲဆီထုတ်လုပ်မှုမှာ အမျိုးမျိုး ကွဲပြားလျက်ရှိရာ မြေပဲဆန် တစ်ပိသာလျှင် မြေပဲဆီ ၃၈ ကျပ်သားမှ ၄၃ ကျပ်သားနှင့် မြေပဲဖတ် ၅၀ ကျပ်သားခန့် ထွက်ရှိပြီး အမြင့်ဆုံးထွက်ရှိမှုမှာ မြေပဲဆီ ၄၅ ကျပ်သား ဖြစ်သည်။

**နွေးနွေးအောင်**

## ...ကာင်းစပါးမျိုးလိုင်းများ ...င်း ဆောင်ရွက်



မျိုးသန့် လွှမ်းခြုံမှုအားကောင်းလာပြီး သီးနှံအရည်အသွေးနှင့် အထွက်နှုန်း မြင့်မားသော လယ်ယာအကျိုးစီးပွားကို တောင်သူများအားလုံး ရရှိနိုင်ကြမည်ဖြစ်သည်။

မျိုးလိုင်းများ ရွေးချယ်ပွဲသို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာန သုတေသီများ၊ နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများ၊ ရေဆင်း စိုက်ပျိုးရေး တက္ကသိုလ် အဆင့်မြင့် သုတေသနဗဟိုဌာန ပါမောက္ခနှင့် ဆရာဆရာမများ ဘွဲ့လွန်ကျောင်းသားကျောင်းသူများပါ တက်ရောက်ကြသည်။

စပါးအပါအဝင် သီးနှံများ၏ အထွက်နှုန်းမြင့်မားစေရေးအတွက် ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်တွင် တောင်သူလယ်သမားများ၊ လုပ်ငန်းရှင်များ ပူးပေါင်းပါဝင်ရေးသည် အရေးကြီးပြီး၊ ရေရှည်တည်တံ့သော ပူးပေါင်းပါဝင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးတက္ကသိုလ်တို့တွင် လယ်သမားများပါဝင်သော သုတေသနလုပ်ငန်းများ (Farmer participatory research) နှင့် ပူးပေါင်းပါဝင်သော မျိုးမွေးမြူရေးလုပ်ငန်းများနှင့် မျိုးရွေးချယ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန် မှန်ကန်သော စုဖွဲ့မှုပြုလုပ်နိုင်ရေးကို ရှေ့လုပ်ငန်းစဉ်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**MOALI ပြန်ကြားရေး**



# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆဋ္ဌမအကြိမ် အထူးရန်ပုံငွေဖြင့် စီမံကိန်းလေးခု အကောင်အထည်ဖော် ဆောင်ရွက်သွားမည်

**နေပြည်တော် နိုဝင်ဘာ ၂၃**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆဋ္ဌမအကြိမ် အထူးရန်ပုံငွေ ၂၀၂၃ ဖြင့် စီမံကိန်းလေးခု အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရ သည်။

ထိုစီမံကိန်းလေးခုတွင် မြန်မာ့လယ်ယာထွက်ကုန်များနှင့် စိုက်ပျိုးရေးဆိုင်ရာ ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူချောမွေ့စေရေး၊ စပါးအပြီး ပဲပုပ်သီးထပ်စိုက်ပျိုးခြင်းဖြင့် သီးနှံစိုက်စွမ်းအား မြှင့်တင်ခြင်း၊ နယ်စပ်ဖြတ်ကျော်ခွာနာလျှာနာရောဂါ ကင်းရှင်းရေးဇုန်ထူထောင်ခြင်း၊ ဒေသကြက်များအား မျိုးရိုးဗီဇမြှင့်တင်ခြင်းနှင့် ရောဂါဖော်ထုတ်ခြင်း စသည့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် စီမံကိန်း ၃၅ ခုကို စုစုပေါင်းရန်ပုံငွေ ကန်ဒေါ်လာ ၁၂ ဒသမ ၁၈ သန်းကျော်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရရှိထားသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ ၂၀၁၇ ဖြင့် စီမံကိန်း ငါးခု၊ ၂၀၁၈ တွင် စီမံကိန်း ကိုးခု၊ ၂၀၂၀ တွင် စီမံကိန်း ခြောက်ခု၊ ၂၀၂၁ တွင် စီမံကိန်း လေးခု၊ ၂၀၂၂ တွင် စီမံကိန်းခုနစ်ခု တို့အား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

မဲခေါင်-လန်ချန်းဒေသတွင်း နိုင်ငံများရှိ ကျေးလက်နေပြည်သူများ၏ ဆင်းရဲမှု လျှော့ချရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်း နိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက် လျှော့ချနိုင်ရန် ရည်ရွယ်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေကို တည်ထောင်ကာ ဒေသတွင်း နိုင်ငံများသို့ လူမှုစီးပွားဘဝမြှင့်တင်ရေးစီမံကိန်းများ ထောက်ပံ့ပေးလျက်ရှိရာ၊ ဆဋ္ဌမအကြိမ် ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။ **MOALI ပြန်ကြားရေး**



## ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းစေရန်နှင့် သွင်းကုန် အစားထိုးထုတ်လုပ်မှု တိုးတက်စေရေး ဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၃

အသား၊ ဥ၊ နို့နှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်မှု မြင့်မားတိုးတက်ပြီး ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းစေရန်နှင့် သွင်းကုန်အစားထိုး ထုတ်လုပ်မှုများ ဖွံ့ဖြိုးတိုးတက်စေရေးကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂ရက်တွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်းများ လုပ်ဆောင်နေသည့် မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ မွေးမြူရေးကဏ္ဍမြှင့်တင်ဆောင်ရွက်နိုင်ရေး အတွက် ဌာနနှင့်ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ ညှိနှိုင်း ဆွေးနွေးကြသည်။

တွေ့ဆုံပွဲတွင် အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် မွေးမြူရေးဖွံ့ဖြိုး တိုးတက်မှုလုပ်ငန်းများ အောင်မြင် ဖြစ်ထွန်းလာစေရေး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူတို့၏ ဘဝအာမခံချက်ရှိစေရေး၊ ကောင်းမွန်သော မွေးမြူထုတ်လုပ်မှု ကျင့်စဉ်နှင့်အညီ နည်းစနစ်မှန်စွာ မွေးမြူရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးနိုင်ရေး၊ တိရစ္ဆာန် မှ တိရစ္ဆာန်သို့၊ တိရစ္ဆာန် မှ လူသို့ ကူးစက်နိုင်သည့် ရောဂါများကို ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်ရေး၊ မွေးမြူရေးလုပ်ငန်းများတွင် ဇီဝလုံခြုံမှု ဂရုပြုဆောင်ရွက်ရေး၊ ဈေးကွက်ကို အခြေခံသော စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရေး ဆွေးနွေးကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က နေပြည်တော် ကောင်စီနယ်မြေအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်းများ လုပ်ဆောင်နေမှုကိုလည်းကောင်း၊ တက်ရောက်လာကြသည့် မွေးမြူရေး လုပ်ငန်းရှင်များက မွေးမြူထားရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြကြောင်း သိရသည်။

**MOALI ပြန်ကြားရေး**



# ခံတက်ပင် ဆေးဖက်ဝင်

ကြေးမုံငယ်



**'အိမ်ရှေ့တမာ အိမ်နောက်ခံတက် စီးပွားတက်'** ဟု မြန်မာ့ဆိုစကားအရ နေအိမ် အတော်များများတွင် ခံတက်ပင်ကို စိုက်ပျိုး ထားလေ့ရှိကြ၏။ ကတက်ပင်ဟု လူသိများ သည့် ခံတက်ပင်မှာ ကုန်းခံတက်ကို အဓိကဆိုလိုကြခြင်းဖြစ်ပြီး ယင်း၏ အင်္ဂလိပ်အမည်မှာ Garlic Pear, Temple Plant နှင့် Three-leaf Caper ဟု ခေါ်ဆိုပြီး ရုက္ခဗေဒအမည်မှာ Crateva Religiosa ဟုခေါ်ဆိုကာ မျိုးရင်း Capparaceae တွင် ပါဝင်၏။ ခံတက်ပင်သည် ဂျပန်၊ သြစတြေးလျ၊ အိန္ဒိယ၊ တရုတ်၊ အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် သီရိလင်္ကာ၊ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် တောင်ပစိဖိတ်ကျွန်းနိုင်ငံများတွင် သဘာဝအလျောက် ဖြစ်ထွန်းသည့်အပင်မျိုးဖြစ်၏။ လှပဝင့်ထည်ပြီး သင်းပျံ့သည့် မွှေးရနံ့ရှိသည့် ပင့်ကူမျှင်ကဲ့သို့ ရှည်လျားသောဝတ်ဆံဖိုများနှင့် လှပနေသည့်ခံတက်ပန်းပွင့်များကြောင့် ယင်းကို Spider Tree ဟုလည်း လူသိများကြ၏။

မြန်မာနိုင်ငံတွင် ခံတက်ပင်သည် ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ ၃၅၀၀ ခန့်ရှိသည့်နေရာအထိ ဖြစ်ထွန်းသည့် အပင်မျိုးဖြစ်၏။ ခံတက်ပင်သည် အပင်လတ်မျိုးဖြစ်ပြီး အမြင့် ၁၀ မီတာခန့်အထိ ရှင်သန်ကြီးထွားနိုင်သော အပင်မျိုးဖြစ်ပြီး အရွက်မှာ သုံးရွက်ပါဝင်သည့် ရွက်မြွှာပေါင်းဖြစ်ပြီး ရွက်လွှဲထွက်၏။ ရွက်ရိုးတံ ခုနစ်စင်တီမီတာခန့်ရှည်လျားပြီး ဘဲဥပုံသဏ္ဌာန် အရွက်များမှာ ခြောက်စင်တီမီတာခန့် အကျယ်၊ ၁၁ စင်တီမီတာခန့်အထိ အရှည်ရှိပြီး ရွက်ထိပ်ချွန်၏။ အရွက်များမှာ အနားညီကာ ထူပြီး ကျောဘက်ခြမ်းတွင် ရွက်ကြောများ ထင်ရှားစွာရှိ၏။ ဧပြီ (မြန်မာပြက္ခဒိန်အရ တန်ခူးလရောက်လျှင်) ၄ဝါပန်း၊ ပိတောက်ပန်း များနှင့်အတူ ခံတက်ပန်းလေးများလည်း ဝေဝေဆာဆာ မြိုင်မြိုင်ဆိုင်ဆိုင်ပွင့်တတ်ကြ၏။ အပွင့်မှာ ဆင်စွယ်ရောင်ရှိပြီး အချင်းမှာ နှစ်လက်မခန့်ရှိသော အပွင့်များ အဆုပ်လိုက် ပွင့်တတ်၏။ အသီးမှာ အဝါရောင်ရှိပြီး အချို့မှာ လုံးဝိုင်းပြီး အချို့မှာ ဘဲဥပုံသဏ္ဌာန် ရှိပြီး အချင်း နှစ်လက်မခန့်ထိ ရှိတတ်၏။ အသီး ခွံမာကြမ်းပြီး အသားထူကာ ကျောက်ကပ် ပုံသဏ္ဌာန် အစေ့များစွာ ပါဝင်၏။

ခါးသက်သက် အရသာရှိသည့် ခံတက်ရွက်သည် အာဟာရအရင်းအမြစ်ကောင်းတစ်ခုဖြစ်ပြီး ယင်းတွင် ဗီတာမင်နှင့် သတ္တုဓာတ်တို့များစွာ ပါဝင်၏။ အစာစွမ်းအင် ၁၅၇ ကီလိုကယ်လိုရီနှင့်ညီမျှသော ခံတက်ရွက်ကို နေ့စဉ်တစ်ပန်းကန်လုံးစာခန့် စားသုံးပေးခြင်းဖြင့် ဗီတာမင်စီ ၁၂၃ ဒသမ ၃ မီလီဂရမ်၊ သံဓာတ် ၃ ဒသမ ၆၇ မီလီဂရမ်၊ ခြေဖျက်လွယ်သော အမျှင်ဓာတ် ၁၂ ဒသမ ၁ ဂရမ်၊ ကာဘိုဟိုက်ဒရိတ် ၄၀ ဒသမ ၁၃ ဂရမ်၊ မဂ္ဂနီစ် ဝ ဒသမ ၄၁၅ မီလီဂရမ်၊ ဖော့စ်ဖရပ်စ် ၁၀၇ မီလီဂရမ်၊ ပိုတက်စီယမ် ၆၉၃ မီလီဂရမ်၊ ကော့ပါး ဝ ဒသမ ၁၃ မီလီဂရမ်နှင့် မဂ္ဂနီစီယမ် ၅၅ မီလီဂရမ်တို့ ရရှိနိုင်မည်ဖြစ်၏။

ခံတက်ရွက်နုလေးများနှင့် ပန်းပွင့်လေးများ၊ ပန်းဖူးလေးများကို ဟင်းသီးဟင်းရွက်အဖြစ် အချဉ်တည်ပြီး အများဆုံး စားသုံးတတ်ကြ၏။ ခံတက်သီးနှင့် အစေ့တို့ကိုလည်း စားသုံးနိုင်၏။ ခံတက်သီးသည် ကြက်သွန်ဖြူနံ့ရှိသည့်အတွက် ဟင်းခတ်အမွှေးအကြိုင်အဖြစ် အသုံးပြုကြ၏။

ရိုးရာတိုင်းရင်းဆေးပညာအရ ခံတက်ပင်၏ အခေါက်၊ အရွက်၊ အမြစ်၊ အသီးတို့ကို ဆေးဖက်ဝင်အဖြစ် အသုံးပြု ကြ၏။

- ခံတက်ခေါက်ကို ဆီးပူ၊ ဆီးအောင့်ဖြစ်ခြင်း၊ ကျောက်ကပ်နှင့် သည်းခြေအိတ်ကျောက်တည်ခြင်းတို့အတွက် လည်းကောင်း၊ မအန်စေရန်အတွက် လည်းကောင်း၊ အဖျားပြတ်ဆေးအဖြစ်လည်းကောင်း၊ ရေဖျဉ်းနှင့် ဖောရောင်ခြင်းတို့ကို သက်သာစေခြင်း၊ အဆစ်မြစ်ရောင်နာသက်သာစေခြင်း၊ မြွေဆိပ်ဖြေဆေးအဖြစ်လည်းကောင်း ဆေးအဖြစ် အသုံးပြုကြ၏။

- ခါးသက်သက်၊ ရှတတ အရသာရှိသည့် ခံတက်ခေါက်ကို ဆီးရွှင်ဆေး၊ အစာကြေစေခြင်း၊ ကျောက်ကပ်နှင့် သည်းခြေအိတ်တို့တွင် ကျောက်တည်ခြင်း မဖြစ်စေရန် ကာကွယ်ရန်အတွက် အသုံးပြုကြ၏။

- ခံတက်ခေါက်နှင့် အရွက်သည် နှုတ်ကိုမြိန်စေပြီး သည်းခြေရည် ထုတ်လွှတ်ခြင်းတို့အတွက် ဆေးအဖြစ် အသုံးပြု ကြ၏။

- အမျိုးသမီးများ ဓမ္မတာ စက်ဝန်း မှန်ကန်စေခြင်း၊ အစာအိမ်နာကျင်မှ သက်သာစေခြင်းတို့အတွက်လည်း ခံတက်ရွက်ကို ဆေးအဖြစ် အသုံးပြုကြ၏။

- ခြေထောက်ဖောရောင်ခြင်း၊ အပူလောင်နာဖြစ်ခြင်းတို့အတွက် ခံတွက်ရွက်ကို ကြိတ်ပြီး အနှစ်ကို ဝေဒနာခံစားရသည့် နေရာတွင် အုံပေးခြင်းဖြင့် သက်သာစေနိုင်၏။

ခံတက်ရွက်ကို ပုံမှန်စားသုံးပေးခြင်းဖြင့် အောက်ဖော်ပြပါ ကျန်းမာရေးအကျိုးကျေးဇူးကောင်းများကို ရရှိနိုင်၏။

(၁) ကိုယ်ခံစွမ်းအားကို ကောင်းမွန်စေခြင်း - ဗီတာမင်စီဓာတ် ကြွယ်ဝစွာပါဝင်သည့် ခံတက်ရွက်သည် အရိုးနှင့် သွားများကျန်းမာရေးကို ထိန်းထားပေးနိုင်သကဲ့သို့ အနာကျက်မြန်စေခြင်း၊ ကိုယ်ခန္ဓာအတွင်းသို့ ဘက်တီးရီးယားနှင့် ဗိုင်းရပ်စ်ပိုးများ ဝင်ရောက်ခြင်းမရှိစေရန် ဟန့်တားပေးနိုင်ခြင်း၊ ခရမ်းလွန်ရောင်ခြည်ထိတွေ့မှုကြောင့် အရေပြားပျက်စီးခြင်းမှ ကာကွယ်ပေးနိုင်ခြင်း အစရှိသည့် အကျိုးကျေးဇူးကောင်းများကို ရရှိစေနိုင်၏။

(၂) ခြေထောက်လှုပ်ရှားလိုစိတ်ကို ထိန်းမရသည့်ရောဂါကို သက်သာစေခြင်း - လူတို့၏ ခန္ဓာကိုယ်တွင် သံဓာတ်ချို့တဲ့ခြင်းဖြစ်လာပါက အသက်အန္တရာယ်ကို ခြိမ်းခြောက်သည်အထိ ဖြစ်စေနိုင်ပြီး ခြေထောက်လှုပ်ရှားလို စိတ်ကို ထိန်းချုပ်ရခက်သည့် ရောဂါသည်လည်း တစ်ခုအပါအဝင် ဖြစ်၏။ သို့ဖြစ်ရာ သံဓာတ်ကြွယ်ဝသည့် ခံတက်ရွက်ကို နေ့စဉ်ပုံမှန် စားသုံးပေးခြင်းဖြင့် ဝေဒနာကို သက်သာစေနိုင်၏။

(၃) ကိုယ်အလေးချိန်ကို လျော့ကျစေခြင်း - ခြေဖျက်လွယ်သော အမျှင်ဓာတ်ကြွယ်ဝစွာ ပါဝင်ခြင်းကြောင့် အဆာခံနိုင်ပြီး ကိုယ်အလေးချိန်ကို လျော့ကျနိုင်ခြင်းကြောင့် ခံတက်ရွက်ကို ပုံမှန်စားသုံးသင့်၏။

(၄) အရိုးများကို သန်စွမ်းစေခြင်း - မဂ္ဂနီစ်ဓာတ်ကြွယ်ဝစွာပါဝင်သည့် ခံတက်ရွက်သည် လူသားတို့၏ အရိုးဖွံ့စည်းမှု ပုံမှန်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါလှ၏။ လူသားတို့၏ ပင်မကျောရိုးရှိ သတ္တုဓာတ်သိပ်သည်းဆ မြင့်တက်လာစေရန် အထောက်အကူပြုခြင်း၊ သွေးဆုံးပြီးနောက်ပိုင်း အမျိုးသမီးများ၏ အရိုးကျန်းမာရေးကို အထောက်အကူပြုခြင်း၊ အရိုးပွခြင်းမှ သက်သာစေခြင်း အစရှိသည့် အကျိုးကျေးဇူး ကောင်းများရှိသည့်အတွက် ခံတက်ရွက်ကို နေ့စဉ်စားသုံးပေးသင့်၏။

(၅) ဆီးရွှင်ဝမ်းမှန်စေခြင်း - ခံတက်ရွက်တွင်ပါဝင်သည့် ဖော့စ်ဖရပ်စ်ဓာတ်သည် ကျောက်ကပ်၏ လုပ်ငန်းဆောင်တာများကို ကောင်းမွန်စွာ လုပ်ဆောင်နိုင်စေခြင်းကြောင့် ကျောက်ကပ်မှတစ်ဆင့် ဆီးကိုစွန့်ခြင်းနှင့်အတူ မလိုလားအပ်သော အညစ်အကြေးများကို စွန့်ရာတွင် လွယ်ကူချောမွေ့စေခြင်း၊ ခန္ဓာကိုယ်အတွင်းမှ ဆီး၊ ဝမ်းစသည်တို့ကို စွန့်ထုတ်ရာတွင် အကူအညီပေးနိုင်ခြင်း၊ ကိုယ်ခန္ဓာအတွင်း ယူရစ်အက်စစ်ပမာဏကို မျှခြေဖြစ်စေရန် အထောက်အကူပြုခြင်းနှင့် မကြာခဏ ဆီးသွားစေခြင်းတို့ကြောင့် ကိုယ်ခန္ဓာအတွင်း အဆိပ်အတောက်များ ကင်းဝေးပြီး ကိုယ်တွင်းအရည်ပမာဏမျှခြေဖြစ်စေခြင်း အစရှိသည့် အကျိုးကျေးဇူးကောင်းများကို ရရှိစေနိုင်၏။

(၆) နှလုံးနှင့်ပတ်သက်သည့် ရောဂါဖြစ်ပွားခြင်းမှ လျော့နည်းစေခြင်း - ပိုတက်စီယမ်ကြွယ်ဝစွာပါဝင်သည့် ခံတက်ရွက်ကို ပုံမှန်စားသုံးခြင်းဖြင့် နှလုံးနှင့် ဆက်စပ်ပြီး ဖြစ်ပွားတတ်သည့် ရောဂါများနှင့်အတူ လေဖြတ်ခြင်းကိုပါ သက်သာစေနိုင်၏။



စာ - ၁၈ သို့

# ၂၀၁၄ ခုနှစ်တွင် ဂျုံတန်ချိန် ၂၈ သန်း ထွက်ရှိမည်ဟု ပါကစ္စတန်မျှော်မှန်း

ပါကစ္စတန်နိုင်ငံ၏ ဂျုံစိုက်ပျိုးထုတ်လုပ်မှုကို လာမည့် ၂၀၁၄ ခုနှစ်တွင် တန်ချိန် ခြောက်သန်းကျော် တိုးမြင့်ထုတ်လုပ်နိုင်ရေးအတွက် ရည်မှန်းချက် ဆောင်ရွက်နေကြောင်း ပါကစ္စတန် စိုက်ပျိုးရေးဝန်ကြီးဌာန သတင်းအချက်အလက်များ၌ ဖော်ပြထားသည်။ ပြည်တွင်းဈေးကွက်နှင့် ပြည်ပဈေးကွက်များ၏ လိုအပ်ချက်ကြောင့် ရည်မှန်းချက်ပြည့်မီရေး ဖော်ဆောင်သွားမည် ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံသည် ဂျုံ ထုတ်လုပ်နိုင်မှုတန်ချိန် ၂၆ ဒသမ ၄ သန်း ရှိခဲ့သည်။ ယင်းမှာ ၂၀၁၀-၂၀၁၁ ခုနှစ်ကာလကထက် ၄ ရာခိုင်နှုန်းခန့် လျော့နည်းခဲ့ရာ လာမည့် ၂၀၁၄ ခုနှစ်တွင် ပိုမိုထွက်ရှိရေး ရည်မှန်းဆောင်ရွက်နေခြင်းဖြစ်သည်။

ပါကစ္စတန်နိုင်ငံတွင် ဂျုံစိုက်ဧရိယာ ဟက်တာပေါင်း ၉၀၀၀၀ ကျော်ရှိနေရာ ပြီးခဲ့သည့် ၂၀၁၀-၂၀၁၁ ခုနှစ်က ဂျုံတန်ချိန် ၂၇ ဒသမ ၄ သန်းကျော် ထွက်ရှိခဲ့သည်။ ထို့ကြောင့် လာမည့် ၂၀၁၄ ခုနှစ်တွင် ဂျုံတန်ချိန် ၂၈ သန်းခန့် ထွက်ရှိရေးအတွက် ဂျုံစိုက်ဧရိယာတိုးချဲ့ရေး၊ အခြား စိုက်ပျိုးသီးနှံများအစား ဂျုံစိုက်ပျိုးရေး အစားထိုးနိုင်ရန် ပါကစ္စတန်စိုက်ပျိုးရေးဆိုင်ရာ တာဝန်ရှိသူများက တောင်သူများအား စည်းရုံးလျက်ရှိကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံသည် ကမ္ဘာ့ဂျုံထုတ်လုပ်မှုတွင် သတ္တမမြောက် အများဆုံးနိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့ရာ ဂျုံစိုက်ပျိုးရေးမှ ပြည်ပဝင်ငွေရရှိနေသည်။ ပြည်တွင်း၌ ဂျုံစားသုံးမှု မြင့်တက်လာသလို ပြည်ပသို့ တင်ပို့မှုမှလည်း နိုင်ငံခြားငွေရှာဖွေပေးနိုင်သည့် နိုင်ငံ၏ အဓိကစိုက်ပျိုးရေးထွက်ကုန်တစ်ခုလည်းဖြစ်သည်။ ပါကစ္စတန်နိုင်ငံသည် ဂျုံပြည်ပတင်ပို့မှုမှ နှစ်စဉ် ကန်ဒေါ်လာ ၆ သန်းကျော် ရရှိနေကြောင်း သိရသည်။ ပါကစ္စတန်နိုင်ငံ ပြည်ပပို့ကုန်များအနက် ဂျုံသည် ၂၄၇ ခုမြောက် အများဆုံး တင်ပို့သည့် ပြည်ပပို့ကုန်တစ်မျိုးလည်း ဖြစ်သည်။

ပါကစ္စတန်နိုင်ငံတွင် ဂျုံ၊ ဆန်၊ ပြောင်း၊ ဝါနှင့် ကြံတို့သည် အဓိကစိုက်ပျိုးသီးနှံများ ဖြစ်ကြသည်။ ပါကစ္စတန်နိုင်ငံတွင် စိုက်ပျိုး မြေဟက်တာပေါင်း ၂၄ ဒသမ ၁ သန်းခန့်ရှိရာ ဂျုံစိုက်ဧရိယာသည် ၃၇ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။ ပန်ဂျပ် ပြည်နယ်သည် ဂျုံစိုက်ပျိုးမှု အများဆုံးဖြစ်ပြီး၊ စုစုပေါင်း စိုက်ပျိုးမြေဧရိယာ၏ ၄၀ ရာခိုင်နှုန်းမှာ ဂျုံစိုက်ပျိုးကြခြင်းဖြစ်သည်။

ပါကစ္စတန်နိုင်ငံသည် လာမည့် ၂၀၁၄ ခုနှစ်တွင် ရာသီဥတုကောင်းမွန်မှု၊ ပိုးမွှားအန္တရာယ်မှ ကြိုတင်ကာကွယ်ပြင်ဆင်မှု၊ မျိုးကောင်းမျိုးသန့်များ သုတေသနပြုဖော်ထုတ်နိုင်မှု၊ တောင်သူများအား ရိတ်သိမ်းသိုလှောင်မှု စရိတ်များလည်း ဖြည့်ဆည်းပေးနိုင်မှုများကြောင့် ဂျုံထုတ်လုပ်နိုင်မှု တန်ချိန် ၂၈ သန်းအထိ ထွက်ရှိလာမည်ဟု အမေရိကန်စိုက်ပျိုးရေးဌာန၏ နိုင်ငံရပ်ခြား စိုက်ပျိုးရေး ဝန်ဆောင်မှု(အက်စ်အေအက်စ်)က ထုတ်ပြန်သော တစ်ကမ္ဘာလုံးဆိုင်ရာ စိုက်ပျိုးရေးရပ်ဝန်း ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အဆိုပါ ရည်မှန်းချက်ပြည့်မီရန် အလားအလာကောင်းများအဖြစ် ပါကစ္စတန်နိုင်ငံတွင် ဂျုံအဓိကစိုက်ပျိုးသည့် ပန်ချပ်ပြည်နယ်တွင် ၂၀၁၃ ခုနှစ်ကုန်၌ ဂျုံတန်ချိန် ၂၂ သန်းခန့် ထွက်ရှိခဲ့ရာ၊ လာမည့် ၂၀၁၄ ခုနှစ်တွင် ဂျုံတန် ၂၄ သန်းခန့်အထိ ထွက်ရှိမည်ဟု ခန့်မှန်းထားသည်။ အခြားပြည်နယ်များဖြစ်သည့် ဆင်းဂုန်နှင့် ဘလူချီစတန်စသည့် ပြည်နယ်များမှ ဂျုံထွက်ရှိမှုများကလည်း ပိုမိုများပြားလာပါက ရည်မှန်းချက်ပြည့်မီလာမည် ဖြစ်သည်ဟု ပါကစ္စတန် ပြည်တွင်းမီဒီယာများက ဖော်ပြထားသည်။ APP

မိုးမြင့်လင်းလက် စုစည်းတင်ပြသည်၊



# ဝါ ထုတ်လုပ်နိုင်မှု ကမ္ဘာ့ထိပ်တန်းနိုင်ငံဖြစ်ရေး တရုတ်တောင်သူများ ကြိုးပမ်း

တရုတ်နိုင်ငံက ဝါစိုက်ပျိုးထုတ်လုပ်မှုကို ကမ္ဘာ့ဦးဆောင်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်နိုင်ရေး ကြိုးစားသွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံက ထုတ်ပြန်သော စိုက်ပျိုးရေး သတင်းအချက်အလက်များ၌ ဖော်ပြထားသည်။

၂၀၁၃-၂၀၁၄ ကာလ ဝါစိုက်ပျိုးထွက်ရှိမှုတွင် ၂၀၁၂ ခုနှစ်ကထက် ပိုမိုထွက်ရှိနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၂ ခုနှစ်က တရုတ်နိုင်ငံဝါစိုက်ပျိုးထွက်ရှိမှုမှာ မက်ထရစ်တန်ချိန်ထောင်ပေါင်း ၆၆၈၄ ကျော်ရှိခဲ့သည်။ ကမ္ဘာ့နိုင်ငံများတွင် ဝါအများဆုံး ထုတ်လုပ်နိုင်သော ထိပ်တန်းနိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့ပြီး၊ အိန္ဒိယက မက်ထရစ်တန်ချိန်ထောင်ပေါင်း ၅၆၆၁ ဖြင့် ဒုတိယနေရာနှင့် အမေရိကန်နိုင်ငံက မက်ထရစ် တန်ချိန်ထောင်ပေါင်း ၃၁၅၀ ဖြင့် တတိယနေရာ၌ အသီးသီး ရပ်တည်နိုင်ခဲ့ကြောင်း စာရင်းဇယားများ၌ ဖော်ပြထားသည်။

လက်ရှိအခြေအနေတွင် ရာသီဥတု ပြောင်းလဲမှုနှင့် ပိုးမွှားအန္တရာယ်တို့ကြောင့် ၂၀၁၃-၂၀၁၄ ခုနှစ် ဝါထွက်ရှိမှုမှာ တရုတ်နိုင်ငံသည် မက်ထရစ်တန်ချိန် ၅ ဒသမ ၉ သန်းခန့်အထိ လျော့ကျနိုင်သည့် အနေအထား ရှိနေသည်။ ယင်းအခြေအနေကြောင့် ဝါစိုက်ဧရိယာ တိုးချဲ့ပြီး ဝါအထွက်တိုးမြင့်ရေးကို ကြိုးစားဆောင်ရွက်မည်ဖြစ်ပြီး ဝါမျိုးစိတ် အသစ်များကို ဖော်ထုတ်ကာ အထွက်တိုးရေး ဖော်ဆောင်သွားမည်ဖြစ်သည်။

တရုတ်နိုင်ငံသည် ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ဝါထွက်ရှိမှု တန်ချိန် ၇ ဒသမ ၉ သန်းအထိ ရှိလာရန်နှင့် နှစ်စဉ် ဝါထွက်ရှိမှု လေးရာခိုင်နှုန်း တိုးမြင့်လာစေရန် ဆောင်ရွက်နေကြောင်း တရုတ်နိုင်ငံဝါအသင်းချုပ်က ထုတ်ပြန်သော သတင်းများ၌ ဖော်ပြထားသည်။

ဝါသည် တရုတ်နိုင်ငံ၏ အဓိကစိုက်ပျိုးရေးထွက်ကုန် သုံးမျိုးအနက် တစ်မျိုးဖြစ်ပြီး နိုင်ငံ့ဝင်ငွေ အဓိက ရှာဖွေပေးနေသော စိုက်ပျိုးရေး ထုတ်ကုန်တစ်မျိုးလည်း ဖြစ်သည်။

တရုတ်နိုင်ငံ ပြည်နယ်ပေါင်း ၂၄ ခုတွင် ဝါ စိုက်ပျိုးဖြစ်ထွန်းပြီး၊ ဝါစိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းစဉ်တွင် တရုတ်ပြည်သူ သန်း ၃၀ ခန့် ပါဝင်လုပ်ကိုင်နေကြောင်း သိရသည်။

ဝါစိုက်ပျိုးထွက်ရှိမှု အများဆုံးမှာ စင်ကျင်းဒေသဖြစ်ပြီး၊ တစ်နိုင်ငံလုံး၏ ၉၀ ရာခိုင်နှုန်း ထွက်ရှိကာ ၂၀ ရာခိုင်နှုန်းမှာ ပြည်တွင်း ချည်ထည် လုပ်ငန်းများတွင် အသုံးပြုခြင်း ဖြစ်သည်။

အခြားဒေသများ ဖြစ်သည့် ယန်စီမြစ်ဝှမ်းဒေသ၊ ဟီဘေးပြည်နယ်၊ ဟီနန်ပြည်နယ်နှင့် ရှန်တုန်ပြည်နယ်တို့တွင်လည်း ဝါစိုက်ပျိုးထွက်ရှိမှု မလျော့ကျစေရေးအတွက် ဝါစိုက်ဧရိယာ တိုးချဲ့ရေး၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ် စိုက်ပျိုးရေး၊ ရာသီဥတုဒဏ်နှင့် ပိုးမွှားအန္တရာယ်ဘေးမှ ခံနိုင်ရည်ရှိသည့် မျိုးစိတ်သစ်များကို စိုက်ပျိုးရေးသုတေသနပညာရှင်များက ဖော်ထုတ်အသုံးပြုနိုင်ရေး ကြိုးစားလျက် ရှိသည်။

ဝါမျိုးစိတ်သစ်များ ဖော်ထုတ် စိုက်ပျိုးခြင်းဖြင့် ချည်မျှင်ကုန်ချော ထုတ်လုပ်ရာတွင် ဈေးကောင်းပိုမိုရရှိပြီး ဝင်ငွေတိုးတက်မြင့်မားလာမည်ဖြစ်ရာ တောင်သူများကလည်း စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

တရုတ် ဝါစိုက်တောင်သူများကလည်း အစိုးရ၏ကူညီထောက်ပံ့ပေးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဝါစိုက်ဧရိယာ တိုးချဲ့ရေးအတွက်လည်း ကြိုးစားနေကြသည်။

လက်ရှိအခြေအနေတွင် ဝါထုတ်လုပ်မှု၌ ကမ္ဘာ့ထိပ်တန်းနိုင်ငံအဖြစ်ရပ်တည်နိုင်ရေး လက်ရှိထက် ပိုမိုကြိုးစားရမည်ဖြစ်ရာ တရုတ်အစိုးရ တာဝန်ရှိသူများကလည်း တောင်သူများအား လိုအပ်သည့်ဖြည့်ဆည်းမှုများကို ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**ဆင်ပဲ့ဟွာ**

# ရန်ကုန်ဈေးကွက်

၈.၁၂.၂၀၁၃




## ဆန်

အလွန်ပူပြင်းခြောက်သွေ့သော အယ်လ်နီညို ရာသီဥတု စတင်တော့မည်ဖြစ်၍ နိုင်ငံအသီးသီးတွင် စားနပ်ရိက္ခာဖူလုံစေရန်နှင့် ဈေးနှုန်းမြင့်တက်မှုများကို ကာကွယ်နိုင်စေရန် ကြိုတင်စုဆောင်းသိုလှောင်မှုများ ရှိပြီး၊ စားနပ်ရိက္ခာ ထုတ်လုပ်တင်ပို့သော နိုင်ငံများတွင်လည်း စားနပ်ရိက္ခာများ ဖူလုံရန်နှင့် ဈေးနှုန်းမြင့်တက်မှုများအား ကာကွယ်နိုင်စေရန် ကြိုတင်စုဆောင်း သိုလှောင်မှုများ ရှိခြင်း၊ လျှော့ချတင်ပို့စေခြင်း၊ ပို့ကုန်အပေါ် အခွန်တိုးမြှင့်ကောက်ခံခြင်းများ ပြုလုပ်၍ စားနပ်ရိက္ခာဈေးနှုန်းများ တည်ငြိမ်စေရန် ကြိုးပမ်းနေချိန် ဖြစ်သည်။

ကမ္ဘာ့နိုင်ငံရေး အလှည့်အပြောင်းနှင့် စစ်ပွဲများကြောင့် ဂျုံနှင့်ပြောင်း ဝယ်လက်နိုင်ငံအများစု မှာ အာရှဆန်များအား အဝယ်သွက်လာခဲ့သည်။ ဖော်ပြပါအခြေအနေများကြောင့် အိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်းနိုင်ငံ၏ ဆန်ဈေးနှုန်းများ ဈေးမြင့်နေခြင်း၊ ဗီယက်နမ်နိုင်ငံ၏ ဆန်ရောင်းလိုအား ကျဆင်းကာ ပို့ကုန်ဆန်ဈေးများ ဈေးမြင့်နေခြင်း၊ အိန္ဒိယပေါင်းဆန်များမှာ ပို့ကုန်အခွန်နှုန်းထား တိုးမြှင့်ထားသော်လည်း ပြည်ပဝယ်လိုအား မြင့်တက်နေမြဲဖြစ်ပြီး၊ အလားတူပင် မြန်မာပြည်တွင်း၌လည်း ပို့ကုန်ဆန်ဈေးနှုန်းများ မြင့်တက်နေဆဲဖြစ်သည်။ တောင်သူလယ်သမားများမှာလည်း သွင်းအားစုများ ဈေးမြင့်ခဲ့ခြင်း၊ စိုက်ပျိုးထုတ်လုပ်နိုင်မှု လျော့နည်းခဲ့ခြင်းနှင့် သယ်ယူပို့ဆောင်ခများ ဈေးမြင့်နေခြင်းတို့ကြောင့် သတ်မှတ်ထုတ်ပြန်ထားသော စပါးဈေးနှုန်းများဖြင့် ရောင်းလိုအားနည်းကာ သိုလှောင်မှုများရှိခြင်း၊ ကုန်သည်ပွဲစားများမှလည်း ဝယ်လိုအားမြင့်ကာ ဈေးကောင်းပေး၍ ဝယ်ယူခဲ့ခြင်း၊ စက်ပိုင်များနှင့် ကုန်သည်များမှာလည်း ဈေးနှုန်းအမြင့်ဖြင့် ဝယ်ယူထားရခြင်းကြောင့် ရောင်းဈေးမြင့်ခြင်း၊ သတ်မှတ်ထုတ်ပြန်သော ဈေးနှုန်းဖြင့် ရောင်းလိုအားနည်းခြင်း၊ စားသုံးသူများမှာ လည်း ဆန်သစ်ပေါ်ချိန်ဖြစ်၍ သိုလှောင်စားသုံးရန် ဝယ်ယူလိုအားများခြင်းတို့ ဖြစ်ပေါ်ခဲ့ပြီး၊ ဈေးကွက်သို့ ဆန်ဝင်ရောက်မှုနည်းကာ ပြည်တွင်းစားသုံးမှုများသော ဆန်အမျိုးအစားများမှာလည်း ဈေးမြင့်နေမြဲဖြစ်သည်။ ယခု ရက်သတ္တပတ်အတွင်း ရွှေဘိုပေါ်ဆန်း (အလတ်စ) တစ်တင်းခွဲ တစ်အိတ်လျှင် ၁၂၅၀၀၀ ကျပ်နှုန်းနှင့် (အောက်စ) တစ်အိတ်လျှင် ၁၂၅၀၀၀ ကျပ်နှုန်းဖြင့် လည်းကောင်း၊ ဖျာပုံပေါ်ဆန်း (အလတ်စ) တစ်တင်းခွဲ တစ်အိတ်လျှင် ၁၀၀၀၀၀ ကျပ်နှုန်းနှင့် (အောက်စ) တစ်အိတ်လျှင် ၁၀၀၀၀၀ ကျပ်နှုန်းဖြင့် လည်းကောင်း၊ ပေါ်ကြွဲ (အလတ်စ) တစ်တင်းခွဲ တစ်အိတ်လျှင် ၈၀၀၀၀ ကျပ်နှုန်းနှင့် (အောက်စ) တစ်အိတ်လျှင် ၈၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ညှော်မထဆန်ဟောင်း (အလတ်စ) တစ်တင်းခွဲ တစ်အိတ်လျှင် ၆၇၀၀၀ ကျပ်နှုန်းနှင့် (အောက်စ) တစ်အိတ်လျှင် ၆၆၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ညှော်မထဆန်သစ် (အလတ်စ) တစ်တင်းခွဲ တစ်အိတ်လျှင် ၅၉၅၀၀ ကျပ်နှုန်းနှင့် (အောက်စ) တစ်အိတ်လျှင် ၅၉၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ငစိန်ဆန် (အလတ်စ) တစ်တင်းခွဲ တစ်အိတ်လျှင် ၆၅၀၀၀ ကျပ်နှုန်းနှင့် (အောက်စ) တစ်အိတ်လျှင် ၆၄၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်းလမ်း)တွင် ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

ယင်းဈေးနှုန်းများအရ ညှော်မထဆန်သစ် တစ်မျိုးသာ ယခင် အပတ်ထက် တစ်အိတ်လျှင် ၁၀၀ ကျပ်ခန့် ဈေးမြင့်ခဲ့ခြင်းဖြစ်ပြီး၊ ကျန်သည့် ဆန်အမျိုးအစားများမှာ ယခင်အပတ်တွင် ဖော်ပြထားသော ဈေးနှုန်းများဖြင့်သာ အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရသည်။ ရန်ကုန်ဈေးကွက်သို့ ဖျာပုံ၊ မော်ကျွန်း၊ ဘိုကလေး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ကော့မှူး၊ တွံတေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ်၊ လပွတ္တာ၊ ရွှေဘို ဒေသများမှ ဆန်ဝင်ရောက်မှု နည်းခဲ့ကြောင်း သိရသည်။

## အစေ့ထုတ်ပြောင်း

အစေ့ထုတ်ပြောင်း ဈေးနှုန်းများမှာ ပြောင်းဟောင်းများနှင့် ပြောင်းသစ်များ ဈေးကွက်သို့ ကုန်ဝင်ရောက်မှု ရှိခြင်း၊ လှောင်လက်များမှ ဝယ်ယူမှုနည်းခြင်း၊ နယ်စပ်ဂိတ်များမှ တင်ပို့မှု မရှိသလောက်နည်းခြင်း၊ အစာစပ်စက်ရုံများမှ ပြောင်းဟောင်း၊ ပြောင်းသစ်များအား ရောနှောဝယ်ယူမှုသာ ရှိခြင်း၊ အရောင်းအဝယ်အေးခြင်းတို့ကြောင့် အစေ့ထုတ်ပြောင်း ဈေးနှုန်းများမှာ ယခင်အပတ်ထက် ဆက်လက်ဈေးနိမ့်ခဲ့သည်။ အစေ့ထုတ်ပြောင်း ၅၄ ပိဿာလျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်းမှာ ၅၈၃၂၀ ကျပ်ဖြစ်ပြီး၊ ယခုအပတ်ဈေးနှုန်းမှာ ၅၇၇၈၀ ကျပ်သို့ ရောက်ရှိဈေးနိမ့်ခဲ့ခြင်း ဖြစ်သည်။

## ပဲမျိုးစုံ

ပဲမျိုးစုံအဓိက ဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံတွင် ပဲလိုအပ်ချက်ရှိသော်လည်း ပွဲတော်ရက်များအပြီးတွင် ဝယ်လိုအားကျဆင်းကာ မတ်ပဲဈေးနှုန်းများ ကျဆင်းနေခြင်းကြောင့် အလားတူ မိုဇမ်ဘစ်နိုင်ငံမှ ပဲစင်းငုံများ ပမာဏကန့်သတ်ချက် မရှိ၊ အခွန်ကင်းလွတ်ခွင့်ပြုကာ တင်သွင်းနိုင်ရန် ၃၁.၄.၂၀၁၄ ထိ ခွင့်ပြုထားခြင်းကြောင့် မြန်မာပဲစင်းငုံ ဝယ်လိုအားများလည်း ကျဆင်းနေခြင်းကြောင့် လည်းကောင်း၊ မြန်မာမတ်ပဲ (သဘော်တင်)မှာ ယခင်အပတ်ကထက် ဈေးနိမ့်ခဲ့ပြီး၊ မြန်မာပဲစင်းငုံ (သဘော်တင်)မှာ ယခင်အပတ် ဈေးနှုန်းဖြင့် အရောင်းအဝယ် အေးခဲ့သည်။ မတ်ပဲ (သဘော်တင်) တစ်တန်လျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်းမှာ ၂၈၇၀၀၀၀ ကျပ်ဖြစ်ပြီး၊ ယခုအပတ် ပျမ်းမျှ ဈေးနှုန်းမှာ ၂၇၉၀၀၀၀၀၀ ကျပ်သို့ ရောက်ရှိဈေးနိမ့်ခဲ့သည်။ ပဲစင်းငုံ (သဘော်တင်) တစ်တန်လျှင် ယခင်အပတ်နှင့် ယခုအပတ် ပျမ်းမျှဈေးနှုန်းမှာ ၃၂၅၀၀၀၀ ကျပ် ဖြစ်သည်။

ယခုရက်သတ္တပတ် အတွင်း ကုန်စည်ဒိုင်ဖွင့်ရက် ငါးရက်ရှိခဲ့ပြီး၊ မတ်ပဲ (သဘော်တင်)မှာ ကုန်သေတ္တာ ၅၀ လုံးခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး၊ ပဲစင်းငုံ (သဘော်တင်)မှာ အရောင်းအဝယ် ဖြစ်မှု မရှိသလောက် နည်းခဲ့သည်။ ပဲတီရွှေဝါဈေးနှုန်းများမှာ ပဲသစ်များ လှိုင်လှိုင်ဝင်ရောက်ချိန်ဖြစ်သော်လည်း တရုတ်နယ်စပ်ဂိတ်များမှ တင်ပို့နိုင်မှုမရှိခြင်းနှင့် ဥရောပနိုင်ငံများသို့လည်း တင်ပို့နိုင်ခြင်း၊ လှောင်လက်များမှ ဝယ်ယူမှု နည်းခြင်းတို့ကြောင့် လည်းကောင်း၊ ကုလားပဲမှာ ပဲဟောင်းလက်ကျန် နည်းလာချိန်ဖြစ်ခြင်း၊ စားသုံးသူများမှ ဝယ်လိုအားနည်းခြင်းကြောင့် လည်းကောင်း၊ ပဲလွမ်းဖြူနှင့် ပဲပုပ်ပဲမှာ ပဲသစ်ပေါ်ချိန်နီးလာခြင်းနှင့် အရောင်းအဝယ်အေးခြင်းကြောင့် ယခင်အပတ်ဈေးနှုန်းများဖြင့်သာ ဈေးငြိမ်အရောင်းအဝယ်အေးခဲ့သည်။ ပဲတီရွှေဝါ သုံးတင်း ၆၀ ပိဿာလျှင် ပျမ်းမျှဈေးနှုန်း ၁၇၇၈၀၀ ကျပ်နှုန်းဖြင့် လည်းကောင်း၊ ကုလားပဲ တစ်ပိဿာလျှင် ပျမ်းမျှဈေးနှုန်း ၄၅၄၃ ကျပ်နှုန်းဖြင့် လည်းကောင်း၊ ပဲလွမ်းဖြူ သုံးတင်း ၆၀ ပိဿာလျှင် ပျမ်းမျှဈေးနှုန်း ၁၆၂၄၅၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ပဲပုပ်ပဲ သုံးတင်း ၆၀ ပိဿာလျှင် ပျမ်းမျှဈေးနှုန်း ၂၀၂၅၀ ကျပ်နှုန်းဖြင့်လည်းကောင်း ရောင်းဝယ်လျက် ရှိကြောင်း သိရသည်။

ဘိုကိတ်ပဲမှာ ပဲဟောင်းလက်ကျန်များ အရည်အသွေးနိမ့်လာခြင်းကြောင့် ယခင်အပတ်ထက် ဆက်လက် ဈေးနိမ့်ခဲ့သည်။ ဘိုကိတ်ပဲ သုံးတင်း ၆၀ ပိဿာလျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်းမှာ ၂၀၀၁၀၀ ကျပ်ဖြစ်ပြီး၊ ယခုအပတ် ဈေးနှုန်းမှာ ၁၈၇၅၀၀ ကျပ်သို့ ရောက်ရှိဈေးနိမ့်ခဲ့သည်။

## စားသုံးဆီ

ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သော နိုင်ငံများတွင် ဖြစ်ပေါ်လျက်ရှိသော ဈေးကွက်ဈေးနှုန်းများအပေါ် အခြေခံ၍ စားအုန်းဆီ တင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ ကာလအတွက် ထုတ်ပြန်ထားသော ရန်ကုန်အထိုင် လက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၅၀၀၀ ကျပ်ဖြစ်သည်။ ယခင်အပတ် ထုတ်ပြန်ထားသော ရည်ညွှန်းဈေးနှုန်းထက် တစ်ပိဿာလျှင် ၁၀ ကျပ်ဈေးမြင့်လာခဲ့ခြင်း ဖြစ်သည်။ နိုဝင်ဘာ ဒုတိယအပတ်မှစ၍ အနည်းငယ်စီ ဈေးမြင့်လာခဲ့ခြင်း ဖြစ်သည်။ ■

# မန္တလေးဈေးကွက်

၈.၁၂.၂၀၂၃

## ဆန်နှင့်ဆီ

မန္တလေးကိုင်းတန်းဈေး ဆန်ပွဲရုံများတွင် ဆန်ဈေးနှုန်း အနေဖြင့် ရွှေဘိုပေါ်ဆန်းမှာ အသစ်မဝင်သေးခြင်း၊ လက်ကျန်နည်း ပစ္စည်းရှားခြင်းကြောင့် တစ်အိတ် ၁၅၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားပြီး ရန်ကုန်ပေါ်ဆန်းမှာ အသစ်ဝင်ရောက်မှုအနည်းငယ်ရှိသော်လည်း အဝင်နည်းသေးခြင်း၊ မြို့တွင်းသုံးပုံမှန်ရှိခြင်း၊ မန္တလေးအနီးဝန်းကျင်မှ ဝယ်ယူမှုရှိခြင်းကြောင့် တစ်အိတ် ၁၂၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

မနောသုခဆန်မှာ အသစ်ဝင်ရောက်မှုများလာခြင်း၊ အဟောင်းလက်ကျန် နည်းသွားခြင်းကြောင့် တစ်အိတ် ၇၂၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ငစိန်ဆန်မှာ အသစ်ဝင်ရောက်မှုရှိသော်လည်း လုပ်ငန်းသမားအဝယ်ပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၆၈၀၀၀ ကျပ်ဖြင့် ဈေးငြိမ်နေပြီး ဧယာဆန်မှာလည်း အဝင်ပုံမှန်၊ စားသုံးမှုပုံမှန်ဖြင့် တစ်အိတ် ၈၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ဧရာမင်းဆန်မှာ အသစ်စတင်ဝင်လာသော်လည်း အဟောင်းကိုသာ ဝယ်ယူမှုများခြင်းကြောင့် တစ်အိတ် ၁၃၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ဆန်မျိုးစုံအား ဇန်းမော်၊ ရွှေကူနှင့် အမာရှိသော မန္တလေးဝန်းကျင်သို့ တင်ပို့မှုရှိသည်။

ဆီဈေးနှုန်းအနေဖြင့် မိုးမြေပဲဝင်ချိန်ဖြစ်၍ မြေပဲ(ဆီဆန်) ဈေးနိမ့်ခြင်းကြောင့် ပဲဆီ တစ်ပိဿာ ၁၃၀၀၀ ကျပ်မှ ၁၂၀၀၀ ကျပ်သို့ ဈေးနိမ့်နေပြီး နှမ်းဆီ တစ်ပိဿာ ၁၂၅၀၀ ကျပ်၊ နေကြာဆီ တစ်ပိဿာ ၁၃၀၀၀ ကျပ်၊ ပဲပုတ်ဆီ ၇၀၀၀ ကျပ်၊ မုန်ညင်းဆီ ၁၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

မန္တလေး ပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်းတွင် ဆီထွက်သီးနှံများအနက် မြေပဲ (လုံးဆန် / ဆီဆန်) ဈေးနှုန်းမှာ မိုးမြေပဲများ အဝင်နည်းသွားခြင်း၊ ဆောင်းမြေပဲစိုက်ချိန်ဖြစ်ခြင်းကြောင့် အရည်အသွေးအကောင်းဆုံး မြေပဲ(လုံးဆန်) ၁၀၀ ပိဿာ ၅၈၀၀၀၀ ကျပ် မှ ၆၀၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားပြီး မြေပဲ (ဆီဆန်)မှာလည်း ၅၃၀၀၀၀ ကျပ်မှ ၅၅၀၀၀၀ ကျပ်သို့ ဈေးမြင့်ခဲ့သည်။

နှမ်းမျိုးစုံဈေးနှုန်းမှာ နှမ်းဖြူသည် တရုတ်ဝယ်လက်နည်းခြင်း၊ လက်ကျန်များပြီး ဆောင်းနှမ်းဝင်ချိန်နီးခြင်းကြောင့် ၄၅ ပိဿာ ၃၆၀၀၀၀ ကျပ်မှ ၃၁၅၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။

နှမ်းညိုမှာ ဆီစက်သမား ဝယ်ယူမှုပုံမှန်ရှိခြင်းကြောင့် ၂၈၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး နှမ်းနက်မှာ အရောင်းအဝယ်အေးပြီး ဈေးနှုန်းမထွက်နိုင်ဘဲ ယခင်အပတ်အတိုင်း ၄၅ ပိဿာ ၂၇၀၀၀၀ ကျပ်ဖြင့် ဈေး တည်ငြိမ်နေသည်။ နှမ်းနီ ၄၅ပိဿာ ၃၀၅၀၀၀ ကျပ်၊ နှမ်းဝါ ၂၉၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ပန်းနှမ်းဈေးနှုန်းအနေဖြင့် စိုက်ပျိုးထားဆဲကာလဖြစ်၍ ပစ္စည်းရှားသော်လည်း ယခုတစ်ပတ်လုံး အရောင်းအဝယ်မရှိခြင်းကြောင့် ၄၅ ပိဿာ ၂၀၀၀၀၀ ကျပ်ဖြင့် ဈေး တည်ငြိမ်နေသည်။

နေကြာဈေးနှုန်းအနေဖြင့် ဆီစက်သမား အဝယ်နည်းခြင်းကြောင့် မိုးနှင့်ဆောင်းကြား စပ်ကူး၊ မတ်ကူးကာလဖြစ်သော်လည်း အရည်အသွေးအကောင်းဆုံး ၂၇ ပိဿာ ၁၃၅၀၀၀ ကျပ်၊ အနိမ့်ဆုံး ၁၂၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

## တားပိုဆောင်သီးနှံ

မန္တလေးကိုင်းတန်းဈေး ကြက်သွန်ပွဲရုံများတွင် မြစ်သား ကြက်သွန်နီများ စတင်ဝင်ရောက်ပြီး တစ်ပိဿာ ၃၃၀၀ ကျပ်၊ မုံရွာ၊ ထီးဆောင်း၊ ကြီး တစ်ပိဿာ ၃၅၀၀ ကျပ်၊ လတ်တစ်ပိဿာ ၃၃၀၀ ကျပ်မှ ၃၂၀၀ ကျပ်သို့ ဈေးနိမ့်သွားပြီး ကြက်သွန်နီ(သေး) မှာ အဝင်များခြင်း၊ မြို့တွင်းစားသုံးမှုပုံမှန်ရှိခြင်းကြောင့် တစ်ပိဿာ ၂၇၀၀ ကျပ်မှ ၂၅၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။

ကြက်သွန်ဖြူ(တရုတ်)မှာ အဝင်ပုံမှန်ရှိခြင်း၊ မြို့တွင်းသုံးဝယ်ယူမှုပုံမှန်ရှိခြင်း၊ နယ်ဝေးတင်ပို့ရမှုနည်းခြင်းကြောင့် တစ်ပိဿာ ၁၂၀၀၀ ကျပ်မှ ၁၁၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။ ကြက်သွန်ဖြူ(ရှမ်း)မှာ အဝင်ပုံမှန်၊ စားသုံးမှုပုံမှန်ရှိခြင်းကြောင့် အရည်အသွေး အညံ့ဆုံးတစ်ပိဿာ ၉၀၀၀ ကျပ်မှ အကောင်းဆုံး ၁၂၀၀၀ ကျပ်ဖြင့် ဈေး တည်ငြိမ်နေသည်။

အာလူးဈေးနှုန်းအနေဖြင့် အောင်ပန်းအာလူးများ အဝင်များခြင်း၊ မြို့တွင်းစားသုံးမှုသာရှိခြင်းကြောင့် တရုတ်အာလူးများ တစ်ပိဿာ ၃၅၀၀ ကျပ် မှ ၃၀၀၀ ကျပ်သို့ ဈေးနိမ့်သွားပြီး အောင်ပန်းအာလူးမှာ ယခုအပတ် အရည်အသွေး အနည်းငယ်နိမ့်သဖြင့် တစ်ပိဿာ ၃၀၀၀ ကျပ် မှ ၂၈၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။

ချင်းဈေးနှုန်းအနေဖြင့် ပြည်ပပို့ရန် အဝယ်မရှိခြင်းကြောင့် ပင်ရင်းဈေးနိမ့်ခြင်း၊ နယ်ဝေးတင်ပို့ရမှုနည်းပြီး မြို့တွင်းသုံးသာရှိခြင်းကြောင့် တစ်ပိဿာ ၃၅၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

## ပဲမျိုးစုံ

မန္တလေး ပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်းတွင် ပဲမျိုးစုံဈေး နှုန်းအနေဖြင့် မတ်ပဲဈေး နှုန်းမှာ အဟောင်းလက်ကျန်နည်းခြင်း၊ ရန်ကုန်ဝယ်လက် အနည်းငယ်ရှိခြင်းကြောင့် ၆၀ ပိဿာ ၂၆၀၀၀၀ ကျပ် မှ ၂၈၅၀၀၀ ကျပ်သို့ ဈေးမြင့်လာပြီး ရေသွင်းပဲအသစ်များမှာ အရည်အသွေး အကောင်းဆုံး ၆၀ ပိဿာ ၂၃၀၀၀၀ ကျပ်ဖြင့် ရောင်းဝယ်မှုရှိသည်။

ပဲတီစိမ်း(အညာ)မိုးပဲအဝင်နည်းခြင်း၊ ဆောင်းပဲစိုက်ပျိုးစဖြစ်ခြင်း၊ တရုတ်ဝယ်လက်နည်းပြီး ရန်ကုန်အဝယ် အနည်းငယ်သာရှိခြင်းကြောင့် အရည်အသွေးပေါ် မူတည်၍ ၃ တင်း တစ်အိတ် ၁၂၅၀၀၀ ကျပ်မှ ၁၅၀၀၀၀ ကျပ်ဈေးအသီးသီး ရောင်းဝယ်နေသည်။

ပဲစင်းငုံ(ဖြူ/နီ)မှာ စိုက်ပျိုးစကာလဖြစ်၍ ပစ္စည်းရှားပြီး တစ်ပတ်လုံး အရောင်းအဝယ်ဖြစ်မှုမရှိခြင်းကြောင့် ပဲစဥ်းငုံ(ဖြူ) ၆၀ ပိဿာ ၃၀၀၀၀၀ ကျပ်၊ ပဲစဥ်းငုံ(နီ) ၃၆၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ပဲပုပ်(ရှမ်း/မြန်မာ)တို့မှာ အဝင်ပုံမှန်၊ ဆီစက်သမား၊ ပဲပြား၊ ပဲပုပ်လုပ်ငန်းသမားများ အဝယ်ပုံမှန်ရှိခြင်းကြောင့် ၃ တင်း တစ်အိတ် ပဲပုပ်(မြန်မာ) ၁၉၅၀၀၀ ကျပ်၊ ပဲပုပ်(ရှမ်း)မှာ ပဲအရည်အသွေးပေါ် မူတည်၍ ၁၇၀၀၀၀ ကျပ်မှ ၁၈၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ကုလားပဲ ဈေးနှုန်းများအနေဖြင့် ခွဲစက်များနှင့် လုပ်ငန်းသမားအဝယ်နည်းခြင်း၊ စိုက်ပျိုးစ ကာလဖြစ်၍ ပစ္စည်းရှားခြင်းကြောင့် အရောင်းအဝယ်အေးသော်လည်း ကုလားပဲ (ကုဖြူကြီး) ၃ တင်း တစ်အိတ် ၂၇၀၀၀၀ ကျပ်၊ လုံးဝါကြီး ၂၅၆၀၀၀ ကျပ်၊ ခွဲခြမ်း တစ်ပိဿာ ၆၁၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ပဲယင်း၊ မြေထောက်ပဲ၊ ပဲလွန်းဖြူ ပဲလွန်းပြာတို့မှာ လက်လီသမား အဝယ်နည်းသော်လည်း စိုက်ပျိုးထားဆဲကာလဖြစ်၍ ပစ္စည်းကောင်းရှားခြင်းကြောင့် ပဲယင်း ၆၀ ပိဿာ ၁၄၅၀၀၀ ကျပ်၊ မြေထောက်ပဲ ၃၃၀၀၀၀ ကျပ်၊ ပဲလွန်းဖြူ ၁၇၀၀၀၀ ကျပ်၊ ပဲလွန်းပြာ ၁၈၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ပဲကြီး (ကြီး/သေး)၊ ထောပတ်ပဲ(ကြီး/သေး)တို့မှာ မိုးပဲနှင့် ဆောင်းပဲ စပ်ကူးမတ်ကူးကာလဖြစ်ခြင်း၊ ပြည်ပဝယ်လက်နည်းခြင်းကြောင့် လုပ်ငန်းသမားဝယ်ယူမှုသာရှိသဖြင့် ပဲကြီး(ကြီး) အရည်အသွေးအကောင်းဆုံး ၄၁၀၀၀၀ ကျပ်၊ ပဲကြီး(သေး) ၃၇၀၀၀၀ ကျပ်၊ ထောပတ်ပဲ(ကြီး) ၄၃၀၀၀၀ ကျပ်၊ ထောပတ်ပဲ(သေး) ၃၇၀၀၀၀ ကျပ် အမြင့်ဈေးဖြင့် ဈေးတည်ငြိမ်နေသည်။

စားတော်ပဲ(ကျွန်း)မှာ စိုက်ပျိုးထားဆဲကာလဖြစ်၍ ပစ္စည်းရှားခြင်း၊ လက်လီသမား အဝယ်ပုံမှန်ရှိခြင်း၊ စားတော်ပဲ(ကနေဒါ၊ ယူကရိန်း)များလည်း အဝင်ရှိခြင်းကြောင့် အရည်အသွေးအကောင်းဆုံး ၃၁၀၀၀၀ ကျပ်မှ ၃၃၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

## ဂျုံနှင့်အစေ့ထုတ်ပြောင်း

မန္တလေး ပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်းတွင် ဂျုံဈေးနှုန်းအနေဖြင့် စိုက်ပျိုးထားဆဲကာလဖြစ်ခြင်း၊ ပစ္စည်းရှားခြင်း၊ ဂျုံစက်များ ဝယ်ယူမှုနည်းခြင်းကြောင့် ငါန်းဇွန်၊ မြင်းမူ၊ မြောင်၊ ဆားတောင်၊ ဘုတလင်၊ မုံရွာဂျုံများမှာ ၆၀ ပိဿာ တစ်အိတ် ၁၈၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ရှမ်းဂျုံမှာ ဂျုံမှုန့်သား အထွက်နည်း၊ လူကြိုက်နည်းခြင်းကြောင့် လုပ်ငန်းသမား အဝယ်နည်းခြင်းကြောင့် ပစ္စည်းရှားသော်လည်း ၆၀ ပိဿာ ၁၈၀၀၀၀ ကျပ်မှ ၁၇၅၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။

ပြည်ပဂျုံ ဖြစ်သော သြစတြေးလျဂျုံမှုန့် တစ်ပိဿာ ၃၃၀၀ ကျပ်၊ ဂျုံဖွဲတစ်ပိဿာ ၁၃၅၀ ကျပ်မှ ၁၅၀၀ ကျပ်ထိ ဈေး မြင့်လာသည်။

အစေ့ထုတ်ပြောင်းဈေးနှုန်း အနေဖြင့် မိုးပြောင်း အဝင်နည်းသေးခြင်း၊ မြို့တွင်းအစာစပ်သမား အဝယ်သာရှိခြင်းကြောင့် တစ်အိတ် ၅၂၅၀၀ ကျပ်ဖြင့် ဈေးငြိမ်နေသည်။

## ဟင်းသီး၊ ဟင်းရွက် သစ်သီးဝလံ

မန္တလေး ကိုင်းတန်းဈေးတွင် ငရုတ်စို(ရှည်နှင့်လတ်)မှာ တပ်ကုန်းဘက်မှ ရာသီကုန်ဖြစ်ပြီး မုံရွာ၊ ချောင်းဦးမှ စတင်ဝင်ရောက်လာခြင်း၊ မြို့တွင်းလုပ်ငန်းသမား၊ လက်ဖက်၊ ငပိထောင်းသမား အဝယ်သာရှိပြီး နယ်ဝေးတင်ပို့ရမှုနည်းခြင်းကြောင့် ငရုတ်စို(ရှည်) တစ်ပိဿာ ၂၅၀၀ ကျပ်၊ ငရုတ်စို(လတ်) ၃၅၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။

ဆောင်းကာလဖြစ်၍ ပြင်ဦးလွင်မှ ပန်းမုံလာ၊ ဂေါ်ဖီများ အဝင်များလာခြင်းကြောင့် ပန်းမုံလာတစ်ပွင့် ၆၀၀ ကျပ်၊ ဂေါ်ဖီထုတ် တစ်ထုတ် ၆၀၀ ကျပ်၊ မုံလာဥနီ တစ်ပိဿာ ၁၆၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။

သစ်သီးဝလံဈေးနှုန်း အနေဖြင့် သခွားမွှေး၊ ရွှေသခွားများ၊ အပင်များပြီး အရည်အသွေးကောင်းရှားခြင်းကြောင့် ၄လုံး ၁ဖာ ၈၀၀၀ ကျပ်၊ အရည်အသွေးအညံ့ဆုံး တစ်လုံး ၅၀၀ ကျပ် ထိဈေးနိမ့်သွားသည်။ ကျောက်ဆည်၊ ချောင်းဦးမှ သဘော်သီးတစ်လုံး ၂၀၀၀ ကျပ်၊ ဖရဲသီး ၃ပိဿာ တစ်လုံး ၃၀၀၀ ကျပ်ဈေးဖြင့် ပြင်ဦးလွင်၊ အောင်လံ၊ ပဲခူး၊ ပြည်၊ ရွှေဘိုသို့ တင်ပို့မှုရှိသည်။ ■

ကြေးမုံ သတင်း

**ကျောဖုံး-ပြည်ပပို့ကုန် မှ**

ထိုငါးစည်ဖောင်းများမှာ ငါးရွှေငါးစည်ဖောင်း၊ ကကတစ်ငါးစည်ဖောင်း၊ ကကူရံငါးစည်ဖောင်း၊ နတ်ကတော်ငါးစည်ဖောင်းများ ဖြစ်ကြသည်။ ငါးစည်ဖောင်း များကို ဝယ်ယူရာတွင်လည်း အကြီး၊ အသေး အရွယ်အစား လိုက်၍ ဈေးကွာခြားကွာခြားမှုရှိသည်။ ငါးအမျိုးအစားကို လိုက်၍လည်း ဈေးကွာခြားသွားတတ်သည်။ ငါးကျပ်သားမှ ကိုးကျပ်သားအထိလည်းကောင်း၊ ၁၀ ကျပ်သားမှ ၂၀ ကျပ်သားအထိလည်းကောင်း၊ ၂၀ ကျပ်သားမှ အထက်အထိလည်းကောင်း ဈေးကောင်းပေးဝယ်တတ်ကြသည်။ သီးသီးခြားခြား ငါးစည်ဖောင်းအမျိုးအစားများအနက် ဈေးအကြီးဆုံးမှာ ကကူရံငါးစည်ဖောင်း ဖြစ်သည်။ ငါးစည်ဖောင်းများကို စစ်တွေ၊ ကျောက်ဖြူနှင့် သံတွဲမြို့များတွင် အများဆုံး ဝယ်ယူစုဆောင်းရောင်းချတတ်ကြသည်။

ကကူရံငါးစည်ဖောင်းများသည် ဈေးကောင်းရတတ်သဖြင့် ငါးစည်ဖောင်းကို မမြင်တွေ့ရမီကပင် ငါးကိုကြည့်၍ ဈေးကောင်းပေးတတ်ကြသည်ကိုလည်း တွေ့ရသည်။ ငါးလေလံဈေးကွက်တွင် ကကူရံငါးတစ်ကောင်လျှင် သိန်းရာချီပေး၍ ဆွဲဝယ်သွားသူများကို တွေ့ရဖူးသည်။ ငါးသတစ်(ကကတစ်)၊ ငါးလက်ခွာ(ကကူရံ)၊ ငါးဆပ်ဖာ (နတ်ကတော်) စသည့် ငါးကြီးများမှာ တစ်ကောင်၊ တစ်ကောင်လျှင် အလျားသုံးပေနှင့် သုံးပေအထက်ရှည်သော ငါးကြီးများဖြစ်ကြသည်။ အရွယ်အစားမှာလည်း သုံးထွာမှ လေးထွာဆိုင်မျှ ကြီးမားသည်။ ထိုမျှသာမဟုတ်သေး။ ခြေသလုံးခန့်ကြီးသည့်သင်းပိုးထိုး(ငါးရွှေ)များကိုလည်း တွေ့ရတတ်သည်။

ကကူရံငါးစည်ဖောင်းက တစ်လုံးလျှင် တစ်ပိသာကျော်အရွယ်အစားများရှိကြသည်။ ငါးလေလံဆွဲသူများအနေဖြင့် ကံကောင်းလျှင် ငါးစည်ဖောင်းအကြီးပါသည့် ငါးကိုရရှိတတ်ပြီး၊ ကံမကောင်းလျှင် ငါးစည်ဖောင်း အသေးကိုသာ ရရှိတတ်သည်ဆို၏။ ကကူရံ ငါးရောင်းသူများအနေဖြင့် ငါးစည်ဖောင်းကိုသာ အမိကရယူပြီး အသားကိုမူ ပြည်တွင်းစားသုံးရန် ရောင်းချတတ်ကြသည်။

ငါးစည်ဖောင်းလုပ်ငန်းမှာ ရေထွက်ပစ္စည်း တင်ပို့ရောင်းချခြင်းနှင့် အတူတွဲ၍ပါလာသော ဘေးထွက်ပစ္စည်းတစ်ခုဖြစ်သော်လည်း၊ နိုင်ငံခြားငွေ ကောင်းစွာရှာဖွေပေးနိုင်သည့်ဈေးကွက်တစ်ခုလည်း ဖြစ်သည်။

**ကျွန်းသားငမန်း**

**စာ-၈ ကုန်းမြင့် မှ**

ပြုလုပ်ပေးခြင်းဖြစ်သည်။ တောင်ထိပ်ပိုင်း (ရာခိုင်နှုန်း ၆၀) ကျော်လျှင် သစ်တော၊ သစ်ပင်အရိပ်အုပ်ကောင်းသော၊ အပင်အမြင့်များ စိုက်ပျိုးထားခြင်းဖြင့် မြေဆီလွှာ မြေသားအသစ်များ ဖြစ်ပေါ်လာသည်။ အရွက်ကြွေသော အပင်များထက် အမြဲတမ်းစိမ်းလန်းနေသော အပင်များ စိုက်ပျိုးကြသည်။ တောင်စောင်းတွင် ရေတားမြောင်း ပြုလုပ်ထားရှိသဖြင့် ရေမြောင်းထဲသို့ ရေစိမ့်ဝင်ပြီး တောင်၏ အတွင်းပိုင်းရှိ မြေသားများ အမြဲတမ်းအစိုဓာတ်ရှိနေမည်။ တောင်ထိပ်တွင် စိမ်းနေသောအပင်များ၊ တောင်စောင်း ခါးလယ်တွင် သီးနှံစိုက်ခင်းများနှင့် ရေမြောင်းကလည်း ရေနှင့်ရှိနေမည်ဆိုပါက ဤသို့သော တောင်ကုန်း၊ တောင်တန်း၊ တောင်စောင်းသည် အမြဲစိမ်း၍ မြေသား၊ ရေ၊ လေ၊ နေမတိုက်စားဘဲ မြေသားအမြဲတမ်း တည်ရှိနေမည်။ မြေသားရေမစားတိုက်နိုင်တော့ပါ။ အဝေးမှလှမ်းမျှော်ကြည့်လိုက်လျှင်လည်း စိုက်ခင်းတစ်ရပ် သစ်တောတစ်အုပ် ရေစီးသံတသွင်သွင်ဖြင့် သာယာစိမ်းလန်းဖွယ်မြင်ကွင်း ဖြစ်ပါမည်။ ယခုအခါ ခရီးသွား စီးပွားရေးလုပ်ငန်းများဖြင့် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်လျက်ရှိကြရာ ဤနေရာမျိုးသည် လာရောက်အပန်းဖြေသူများဖြင့် စည်ကားနေမည်။ ဒေသစိမ်းလန်း၍ ရာသီဥတုမှန်ကန်ပြီး သာယာလာမည်။ ကောင်းကင်မှ ဖြတ်သန်းလာသောတိမ်တိုက်သည် တောင်ထိပ်မှသစ်တောအုပ်ရှိလျှင် ကျော်ဖြတ်မသွားဘဲ မိုးရွာမည်။ ဤသို့ တောင်စောင်းကုန်းမြင့်ကို မထိန်းသိမ်းဘဲထားလျှင် သစ်ပင်ခုတ်၊ တောပြုန်းပြီး မြေဆီလွှာဆုံးရှုံး၍ တောင်ကတုံးများဖြစ်မည်။ ဆိုးကျိုးသည် မြေကြီး ရေစားမည်။ ရေစားသောမြေသားသည် မြစ်ချောင်းများ ပို့ချ၍ ရေကြီးမည်။ တံတားနှင့်ဆက်သွယ်ရေးလမ်းကြောင်း၊ မော်တော်ကားလမ်း၊ မီးရထားလမ်း ပြတ်တောက်မည်။ စနစ်မှန် ပြုလုပ်ထားခြင်းဖြင့် ရွာသော မိုးရေသည် ဆည်မြောင်း၊ ချောင်းကန်ပြည့်လျှံဖြိုးအောင် ရွာသော မိုးမဟုတ်တော့ဘဲ စိုက်ပျိုးသီးနှံ အသင့်အမှန်တိုးရန် ရွာသောမိုး ဖြစ်လာမည်။

မြေလတ်ဒေသနှင့် အညာဒေသများတွင်ရှိသော တောင်ကုန်းတောင်စောင်းများတွင် တောင်စောင်းစိုက်ပျိုးရေးစနစ်ကို အမြန်ဆုံး ကျင့်သုံးကြခြင်းဖြင့် စိမ်းလန်းသောမြေပြန်လည်ဖြစ်လာပါမည်။ တောင်ကတုံးကို လျှောင်ထုံး၍ အောင်မြင်ခဲ့သောစနစ်များ နေရာများစွာသည် မြန်မာနိုင်ငံဒေသအနှံ့ရှိခဲ့ပြီး ဖြစ်ပါသည်။ ထိန်းသိမ်းမှုသည် အရာရာတွင် ပြုလုပ်သင့်သောလုပ်ငန်း ဖြစ်ပါတော့သည်။ သဘာဝပတ်ဝန်းကျင် မပျက်စီးအောင် ထိန်းသိမ်းရေးနှင့် စိုက်ပျိုးမြေဆီလွှာ ရေရှည်တည်တံ့ကောင်းမွန်ရေး၊ ထိန်းသိမ်းမှုသည် အရေးကြီးသည်။ အဆိုပါထိန်းသိမ်းမှု နှစ်ရပ်ကို ဆောင်ရွက်ပေးနိုင်သည်မှာ တောင်စောင်းစိုက်ပျိုးရေးစနစ် ဖြစ်ပါသည်။

**ဘုန်းမြတ်**

**စာ-၁၂ ခံတက်ပင် မှ**

နှလုံးရောဂါရှိသူများအနေဖြင့် မိမိတို့၏ ပိုတက်စီယမ်ပမာဏ ပုံမှန်ရှိစေရန် အမြဲတမ်း ဂရုစိုက်ပြီး လမ်းလျှောက်ခြင်း၊ ယောဂ ကျင့်ခြင်းအပါအဝင် အပျော့စား လေ့ကျင့်ခန်းများ ပြုလုပ်ခြင်းနှင့်အတူ ခံတက်ရွက်ကိုလည်း ပုံမှန်စားသုံးပေးသင့်၏။

(၇) သင့်တင့်လျောက်ပတ်သော ကြီးထွားမှုဖြစ်ခြင်း - ကော့ပါးခေါ် ကြေးနီဓာတ်သည် လူသားတို့၏ အရိုးများ၊ အာရုံကြောစနစ်နှင့် နှလုံးနှင့် သွေးကြောများ ကျန်းမာရေးနှင့် သင့်တင့်လျောက်ပတ်သောကြီးထွားဖွံ့ဖြိုးရေးအတွက် မရှိမဖြစ်လိုအပ်သော အာဟာရဓာတ်တစ်မျိုးဖြစ်၏။ ကျွန်ုပ်တို့ နေ့စဉ်စားသုံးနေသည့် အစားအသောက်ထဲတွင် ကော့ပါးဓာတ် ကြွယ်ဝစွာပါဝင်ရန် မဖြစ်မနေလိုအပ်၏။ လုံလောက်သည့် ကြေးနီဓာတ်ရှိမှသာ ခန္ဓာကိုယ်တွင်း အင်္ဂါများနှင့် တစ်သျှူးများ ပုံမှန်ကြီးထွားဖွံ့ဖြိုးနိုင်ခြင်း၊ သွေးနီဥများ လုံလောက်သော အောက်ဆီဂျင်ပမာဏရရှိစေရန် ပို့ဆောင်ပေးနိုင်ခြင်း အစရှိသည့် အကျိုးကျေးဇူးကောင်းများ ရရှိနိုင်သည့်အတွက် ခံတက်ရွက်ကို နေ့စဉ် ပုံမှန်စားသုံးပေးသင့်၏။

ခံတက်ရွက်၊ ခံတက်ဖူးနှင့်အပွင့်များကို အလွယ်တကူ ခူးဆွတ်ပြီး လိုအပ်သလို ပြုပြင်ချက်ပြုတ်စားသုံးနိုင်၏။

- မြန်မာလူမျိုးအများစုမှ ခံတက်ချဉ်စိမ်ပြီး တို့စရာအဖြစ် အဓိက စားသုံးတတ်ကြ၏။ ခံတက်ရွက်နုလေးများကို ခူးဆွတ်ပြီးလျှင် သန့်စင်အောင် ရေဆေး၊ ရေစစ်ပြီးနောက် သန့်စင်သည့် ဖူးတစ်လုံးထဲထည့်ကာ ဆန်ဆေးရေနှင့် တစ်ညသိပ်စိမ်ပြီး အဖုံးအုပ်ထားပေးပါ။ ယင်းသို့ပြုလုပ်ခြင်းဖြင့် ခံတက်ရွက်ထဲမှ အဖန်ဓာတ်လေးများ လျော့သွားစေခြင်းနှင့်အတူ ဝါဝင်းသည့် အဆင်းသို့ ပြောင်းလဲနေသည့် ခံတက်ရွက်ကို ဆယ်ယူပါ။ ပြီးလျှင် ထမင်းရည် သို့မဟုတ် ဆန်ကို ခပ်ကျဲကျဲကျိုထားသည့်အရည်နှင့် ဆားတို့ရောစပ်ထားသည့် ရေထဲသို့ ခံတက်ရွက်များကိုထည့်ပြီး သန့်ရှင်း ခြောက်သွေ့သော ဖူး/ပုလင်းထဲထည့်ပြီး လေလုံအောင် ပိတ်ကာ နှစ်ရက်ခန့် အခန်း အပူချိန်အတိုင်း (မီးဖိုဆောင်တွင်) ထားပေးပါ။ အေးမြသည့် ရာသီဥတုရှိသည့် ဒေသများတွင် သုံးရက်လေးရက်ခန့်ထားပြီးလျှင် ထမင်းမြိန်စေမည့် ခံတက်ချဉ်မွှေးမွှေးလေး ရရှိနိုင်၏။ ခံတက်ချဉ်ကို ငါးပိကောင်ချက်၊ ငါးခြောက်ချက်၊ ငါးပိရည်ကျို၊ ခရမ်းချဉ်သီးထောင်း၊ ငရုတ်သီးထောင်း အစရှိသည်တို့နှင့် နှစ်သက်သလို တွဲဖက်စားသုံးနိုင်၏။

- အချဉ်တည်ထားသည့် ခံတက်ချဉ်ကို ပါးပါးလှီးပြီးလျှင် ကြက်သွန်နီပါးပါးလှီး၊ ဆီချက်ကြော်၊ မြေပဲဆံလှော်နှင့် နှမ်းလှော်ထောင်း၊ ပဲမှုန့်၊ ပုစွန်ခြောက်မှုန့်တို့ထည့်ပြီး သမအောင်ရောနယ်၊ အနံ့လေးမွှေးအောင် သံပရာသီးစိတ်လေးညှစ်ပြီး သုပ်စားသည့် ခံတက်ချဉ်သုပ်သည် အလွန်ပင် နှုတ်မြိန်စေသည့် အစာတစ်မျိုးဖြစ်၏။ ထမင်းဖြူနှင့်ဖြစ်စေ၊ ရေနွေးကြမ်းပူပူကို မှုတ်သောက်ပြီးဖြစ်စေ တွဲဖက်စားသုံးနိုင်သလို ထမင်းဝိုင်းတွင်လည်း ဟင်းပွဲတစ်မယ်တိုးစေ၏။



- ခံတက်ရွက်နုချဉ်လေးများကို တို့စရာအဖြစ် စားမကုန်တော့လျှင် ရေဆေး၊ ရေကုန်အောင်ညှစ်ပြီးလျှင် ခပ်ရိုတ်ရိုတ်လေး ရအောင်လှီးပါ။ ပြီးလျှင် ဆားနှင့် ဟင်းခတ်မှုန့်အနည်းငယ်၊ ပုစွန်ခြောက် မညက်တညက်ထောင်း၊ ကြက်သွန်ဖြူနဲ့ ငရုတ်သီးစိမ်းပါးပါးလှီးထည့်ပြီး ပဲဆီမွှေးလေး ဆမ်းကာ သမအောင်မွှေပါ။ အချဉ်အရသာ ကြိုက်တတ်လျှင် သံပရာရည် အနည်းငယ် ညှစ်ထည့်ပြီး နယ်ထားပါ။ ချဉ်ငန်စပ် အရသာလေးနှင့် တာရှည်လည်း အထားခံသည့် ခံတက်ချဉ်နယ်လေးပါ။ သူ့ချည်းသက်သက် ထမင်းဖြူလေးနှင့် စားသုံးနိုင်သလို ပဲဆန်ကြော်၊ နှမ်းလှော်၊ မြေပဲလှော်တို့နှင့် အတူရောပြီးလည်း သုပ်စားနိုင်၏။ ပိတ်ရက်တွေမှာ သူငယ်ချင်း တွေဆုံလို့ နေ့ခင်းနေ့လယ် အပျင်းပြေ ရေနွေးကြမ်းအိုးလေးချ၊ စကားတွေ ဖောင်ဖွဲ့ရင်း အဆာပြေ သုံးဆောင်နိုင်၏။

- ခံတက်ပွင့်လေးများကို ရေသန့်စင်အောင်ဆေးပြီး စစ်ထားပါ။ ကြက်သွန်ဖြူကို ဓားပြားရိုက် ဆီသတ်ပြီးလျှင် ပုစွန်အစိုသို့မဟုတ် ပုစွန်ခြောက် မညက်တညက်ထောင်းတို့နှင့်အတူ ရောပြီး ဆီသတ်ပါ။ ပြီးလျှင် ခံတက်ပွင့်လေးများထည့်ပြီး ကြော်ပေးပါ။ လိုအပ်သလို အရသာညှိပြီး စားသုံးနိုင်၏။ အနည်းငယ်ခါးသက်သည့် အရသာရှိပြီး ထမင်းမြိန်စေ၏။

သဘာဝတရား၏ လက်ဆောင်မွန် ခံတက်ပင်မှရရှိသည့် အစိတ်အပိုင်းများကို အမြတ်တနိုးတန်ဖိုးထားပြီး ဒေသအလိုက် မတူညီကွဲပြားသည့် ချက်ပြုတ်နည်းမျိုးစုံဖြင့် ပြင်ဆင်စားသုံးခြင်းဖြင့် ကုန်ကျစရိတ်သက်သာစေပြီး ကျန်းမာရေးအကျိုးကျေးဇူးကောင်းများကို ရရှိနိုင်မည်ဖြစ်၏။ **ကြေးမုံငယ်**

# ငါးလုပ်ငန်းဆိုင်ရာ သုတေသနရန်ပုံငွေ ထူထောင်မှု သဘောတူစာချုပ်အရ ငါးလုပ်ငန်းနှင့် ငါးမွေးမြူရေးဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂**

ငါးလုပ်ငန်းဆိုင်ရာ သုတေသနရန်ပုံငွေ ထူထောင်မှု သဘောတူ စာချုပ်အရ သုတေသနရန်ပုံငွေ စီမံအုပ်ချုပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များက အွန်လိုင်းဖြင့် တက်ရောက်ကြကြောင်း





သိရသည်။

ထိုသဘောတူချုပ်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်တို့အကြား ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည့် ငါးလုပ်ငန်းဆိုင်ရာ သုတေသနရန်ပုံငွေ ထူထောင်မှုသဘောတူစာချုပ်ပါ အပိုဒ် ၁ ဒသမ ၁ အရ ၂၀၂၂ ခုနှစ် ဩဂုတ် ၁ ရက်မှစတင်၍ တနင်္သာရီတိုင်းဒေသကြီးရှိ လုပ်ငန်းရှင်များ၏ ပြည်ပသို့ ရေထွက်ကုန်ပစ္စည်း တင်ပို့မှုတန်ဖိုး မှ ၀ ဒသမ ၅ ရာခိုင်နှုန်းကို သုတေသနရန်ပုံငွေအဖြစ် ပေးသွင်းခဲ့ပြီး၊ ရေလုပ်ငန်းရှင်များ၏ တင်ပြချက်ဖြင့် ၂၀၂၃ အောက်တိုဘာ ၂၃ ရက်တွင် ပြန်လည် ပြင်ဆင် ချုပ်ဆိုခဲ့သော သဘောတူစာချုပ်အရ ပြည်ပတင်ပို့သော ရေထွက်ကုန်ပစ္စည်း တင်ပို့မှုတန်ဖိုးမှ ၀ ဒသမ ၃ ရာခိုင်နှုန်းကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်က သတ်မှတ်ထားသည့် နေ့စဉ်ငွေလဲလှယ်နှုန်းထားအတိုင်း သုတေသနရန်ပုံငွေအဖြစ် ပြန်လည်ကောက်ခံခဲ့ရာ ၂၀၂၃ နိုဝင်ဘာ ၂၈ ရက်အထိ ကျပ်သိန်းပေါင်း ၂၀၄၀၀ ကျော်ရရှိခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

ပထမအကြိမ် ရန်ပုံငွေ စီမံအုပ်ချုပ်မှု ကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်များအရ ငါးလုပ်ငန်းနှင့် ငါးမွေးမြူရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာမှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာအထိ အသုံးစရိတ်ငွေ ကျပ်သိန်းပေါင်း ၆၇၇၈ ကျော်ကို သတ်မှတ်ဘဏ္ဍာငွေစည်းမျဉ်းနှင့်အညီ ခွင့်ပြုချထားပေးခဲ့ပြီး ဖြစ်သည်။

ငါးလုပ်ငန်းဆိုင်ရာ သုတေသန ရန်ပုံငွေ သဘောတူစာချုပ်အရ ငါးလုပ်ငန်းဦးစီးဌာနက ဦးစီးဆောင်ရွက်သော ဂျင်းခရု (Hard Clam) ပျံ့နှံ့တည်ရှိမှုအား အကဲဖြတ်ဆန်းစစ်ပြီး ရေရှည်စဉ်ဆက်မပြတ် မွေးမြူထုတ်လုပ်နိုင်မည့်နည်းလမ်းများ ရှာဖွေဖော်ထုတ်ခြင်းလုပ်ငန်း၊ ကလွင်စခန်းအား GAqP (Good Aquaculture Practices) Model Farm တည်ဆောက်ရေး စီမံကိန်း၊ မွေးမြူရေး သုတေသနဦးစီးဌာနက ဦးစီးဆောင်ရွက်သည့် မွေးမြူသုတေသန (ကျွန်းစု)စခန်းအဆင့်မြှင့်တင်ခြင်း၊ ကျောက်ငါး (Greasy grouper) မျိုး ငါးကြီးများကို မျိုးဥနှင့် မျိုးရည်များ ဖွံ့ဖြိုးလာစေရန် မတူညီသောအစာ၊ ဆေးဝါးများနဲ့ စမ်းသပ်သုတေသနပြုခြင်းလုပ်ငန်း၊ ငါးပါးနီ (Lutjanus sp) (red snapper) ငါးများအား မျိုးဥနှင့်မျိုးရည်များ ရင့်ကျက်လာစေရန် မတူညီသောအစာ၊ ဆေးဝါးများဖြင့် စမ်းသပ်သုတေသန ပြုခြင်းလုပ်ငန်းနှင့် Seabass (Lates calcarifer) ကကတစ်သားပေါက်များအား မတူညီသောအစာနှင့် စမ်းသပ်သုတေသနပြုခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ငါးပါးနီနှင့် ငါးသင်ဝါငါးမျိုးစိတ်အား သားဖောက်ပြီး မျိုးငါးထုတ်လုပ်နိုင်ရေး စမ်းသပ်သုတေသနလုပ်ငန်းတွေကို စတင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် မြိတ်တက္ကသိုလ်က ဦးစီးဆောင်ရွက်လျက်ရှိသော တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ ဝန်းကျင်ရှိ ခရု၊ ကမာထုတ်လုပ်မှုများအား လေ့လာခြင်း၊ နည်းစနစ်ကျနသော အသားတိုးမွေးမြူခြင်းနှင့် သားဖောက်မွေးမြူခြင်းတို့ကို သုတေသနပြုခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

ငါးလုပ်ငန်းနှင့် ငါးမွေးမြူရေးဆိုင်ရာ သုတေသနလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**MOALI ပြန်ကြားရေး**

## တောင်ကြီးအသေးစား မွေးမြူရေးဇုန် စတင်ဖော်ဆောင်



**ရန်ကုန် နိုဝင်ဘာ ၃၀**

တောင်ကြီးမြို့နယ် ခေတ်မီအသေးစား မွေးမြူရေးဇုန်ကို ဖော်ဆောင်လျက်ရှိရာ တောင်ကြီးမြို့နယ် ကျောက်နီစိုက်ပျိုးရေးဦးစီးဌာန ရာသီသီးနှံ စိုက်ကွင်းအတွင်း မြေဧက ၆၅၉ တွင် ယခုနှစ် အောက်တိုဘာကစ၍ နို့စားနွား၊ နို့စားကျွဲ၊ အသားစားနွားနှင့် ဒေသနွားများ အကောင်ရေ ထောင်ချီ၍ မွေးမြူရန် စီစဉ်လျက်ရှိသည်။

လက်ရှိတွင် မွေးမြူရေးလုပ်ငန်းရှင် ၁၁ ဦးက ဖော်ပြပါနွားနှင့်ကျွဲကောင်ရေ ၄၀၀၀ ကို မြေ ၄၉၉ ဒသမ ၈၆ ဧကတွင် နှစ်နှစ်အတွင်း သတ်မှတ်ကောင်ရေ ပြည့်အောင် မွေးမြူသွားကြမည်ဟု သိရသည်။

မွေးမြူရေးဇုန်တွင် အပိုင်းနှစ်ပိုင်းပါဝင်ပြီး၊ ပထမပိုင်းတွင် တိရစ္ဆာန်အစာပင် စားကျက်မြက်ဖော်ဆောင်ခြင်းနှင့် ဒုတိယပိုင်းတွင် မွေးမြူရေးရုံများ တည်ဆောက်မွေးမြူခြင်းတို့ ပါဝင်သည်။

(ABC - 004)




# ပြည်ပပို့ကုန် ငါးခြောက်ဖောင်း

ကျွန်းသားငမန်း

**ရခိုင်** ပြည်နယ်သည် ပင်လယ်ကမ်းရိုးတန်းဒေသဖြစ်ခြင်းကြောင့် ပင်လယ်ငါးများကို ဖောဖောသီသီ ဖမ်းယူရရှိနိုင်ပြီး ပင်လယ်ငါးကို အများအပြားပင် စားသုံးနိုင်ကြသည်။ ခေတ်မီသူတိုင်း ပင်လယ်ငါးကို စားကြသည်ဟူသော တစ်ခေတ်တစ်ခါက မြန်မာပြည်သူများအား ပင်လယ်ငါးစားသုံးရန် လှုံ့ဆော်ကြော်ငြာခြင်းမပြုမီကပင် ရခိုင်ပြည်သူများသည် ပင်လယ်ငါးကိုစားပြီး ခေတ်မီနေခဲ့ကြသူများဖြစ်ကြသည်။ ပင်လယ်ကမ်းခြေတစ်ခုဖြစ်သော ရခိုင်ပြည်နယ်၏ စီးပွားရေးမှာလည်း လယ်ယာလုပ်ငန်းပြီးလျှင် ရေလုပ်ငန်းသည် ဒုတိယအကြီးဆုံး စီးပွားရေးလုပ်ငန်းလည်းဖြစ်သည်။ ရခိုင်ကမ်းရိုးတန်းမှ ရေထွက်ပစ္စည်း ပုစွန်၊ ကဏန်းစသော ငါးအမျိုးမျိုးကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက် ရှိနေကြသည်။ ရေထွက်ပစ္စည်းများကား ပြည်သူများအာဟာရဓာတ် ပြည့်ဝစွာ စားသုံးနိုင်သည်သာမက ပြည်ပသို့တိုင် တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားဝင်ငွေကို ရှာဖွေပေးနိုင်သည့်ကုန်ပစ္စည်းလည်း ဖြစ်သည်။

## ငါးနှင့်အဟာရ

လူတို့ ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ ဉာဏ်ရည် ဉာဏ်သွေး တိုးတက်မြင့်မားရေးတို့အတွက် နေ့စဉ်စားသုံးရမည့် ပရိုတင်းအသားဓာတ်တွင် ငါးအာဟာရသည် အရေးကြီးသောအသားဓာတ် အရင်းအမြစ်တစ်ခု ဖြစ်သည်။ ငါးအာဟာရဓာတ်သည် စားသုံးသူ ပြည်သူများအတွက် အသားဓာတ်အပြင် ကျန်းမာစေသော အဆီဓာတ်၊ အိုမီဂါ-၃ မပြည့်ဝဆီနှင့် ကယ်လ်စီယမ်နှင့်သတ္တုဓာတ်များကိုလည်း ဖြည့်တင်းပေးနိုင်သည်။ ငါးသည် အခြားအသားများထက် ဈေးနှုန်းချိုသာပြီး ဈေးနှုန်းသင့်တင့်စွာဖြင့် အများပြည်သူဝယ်ယူစားသုံးနိုင်သည့် အဟာရဓာတ်တစ်မျိုးလည်း ဖြစ်သည်။ အထူးသဖြင့် ဈေးပေါပေါဖြင့် ဝယ်ယူစားသုံးနိုင်သည့် အကြေးခွံ၊ အရေပြားများနှင့် အရိုးပါဝါးစားနိုင်သော ငါးငယ်ကလေးများတွင် ပါရှိသည့်အဟာရဓာတ်များသည် အစားထိုးမရနိုင်သော အာဟာရတန်ဖိုး များစွာပါဝင်သည်။ ထို့ပြင် ငါးတစ်ကောင်လုံး၏ ၃၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းဖြစ်သော ဦးခေါင်းပိုင်း၊ အတွင်းကလီစာနှင့် ကျောရိုးများသည် တန်ဖိုးနည်း အစိတ်အပိုင်းများဖြစ်သော်လည်း ၎င်းတို့သည် အဏုအာဟာရဓာတ် များစွာပါဝင်ကြောင်း သိရသည်။ ငါးစားသုံးခြင်းဖြင့် ငါးအာဟာရဓာတ်မှ ဗီတာမင်-ဒီနှင့် ဇင့်ဓာတ်ရရှိခြင်းကြောင့် ကိုယ်ခံအားကောင်းမွန်စေခြင်း၊ နှလုံးရောဂါနှင့် လေဖြတ်ခြင်းအန္တရာယ်ကို လျှော့ချစေနိုင်ခြင်း၊ ဦးနှောက်ကျန်းမာရေးကို မြှင့်တင်ပေးခြင်း၊ အမြင်အားကောင်းစေခြင်း၊ အရိုးအသားနှင့် ကြွက်သားသန်မာစေခြင်း၊ ပန်းနာရင်ကျပ်ရောဂါကို ကာကွယ်နိုင်ခြင်း၊ အရိုးအဆစ်ရောင်ရမ်းမှုကို သက်သာစေခြင်း၊ ဆီးချိုရောဂါကို ကာကွယ်စေနိုင်ခြင်း၊ အယ်လ်ဇိုင်းမားရောဂါကာကွယ်စေနိုင်ခြင်း၊ လမစေ့ဘဲ ကလေးမွေးဖွားခြင်းကို လျှော့ချပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေနိုင်သည်။

FAO က ထုတ်ပြန်သည့် သတင်းအချက်အလက်များအရ ကမ္ဘာတစ်ဝန်းရှိ ၃ ဒသမ ၁ ဘီလီယံကျော်လူသားများသည် တိရစ္ဆာန်ကရရှိသော အသားဓာတ်စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းကို ငါးမှရရှိသော ငါးရိက္ခာအပေါ် မှီခိုစားသောက်လျက်ရှိကြကြောင်း သိရသည်။ ၁၉၆၁ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း၌ လူတစ်ဦးလျှင် ငါးစားသုံးမှု ကိုးကီလိုဂရမ် ရှိခဲ့ရာမှ ယနေ့တွင် လူတစ်ဦးလျှင် ငါးစားသုံးမှု ၂၀ ကီလိုဂရမ်အထိ မြင့်တက်လာကြောင်း သိရသည်။

## ငါးဈေးကွက်

မြန်မာနိုင်ငံသည် မြစ်ချောင်းအင်းအိုင်များ ပေါများကာ ပင်လယ်ကမ်းရိုးတန်းနှင့် ဆက်စပ်နေသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံသည် ၁၇ နိုင်ငံမြောက် ရေငန်ငါးအများဆုံး ဖမ်းဆီးထုတ်လုပ်သည့် နိုင်ငံဖြစ်ကြောင်းလည်း သိရသည်။ မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းကဏ္ဍသည် နိုင်ငံ၏စီးပွားရေးနှင့် အမျိုးသားအစားအစာ လုံခြုံရေးအတွက်အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်နေသည်။ ငါးလုပ်ငန်းကဏ္ဍသည် အကြမ်းအားဖြင့် မြန်မာနိုင်ငံ၏ စုစုပေါင်း ပြည်တွင်းအသားတင်ထုတ်ကုန်၏ ၂ ရာခိုင်နှုန်း (ဂျီဒီပီ)၊ တိရစ္ဆာန်ပရိုတင်းသုံးစွဲမှု၏ ၅၀ ရာခိုင်နှုန်း၊ အလုပ်လက်မဲ့ ၆ ရာခိုင်နှုန်းမှ ၃၄ ရာခိုင်နှုန်းအထိ မြင့်တက်နေသည့် အချို့သော ကမ်းရိုးတန်းဒေသများနှင့် တိုင်းဒေသကြီးများနှင့် ပြည်နယ်အစိုးရများ၏ ၅၆ ရာခိုင်နှုန်း အထက် ဝင်ငွေများရရှိရန် အထောက်အကူပြုပေးနေကြောင်း သိရသည်။ များစွာသော မြန်မာပြည်သူများ၏လူမှုစီးပွားဘဝအတွက် ရေငန်ငါးလုပ်ငန်းကဏ္ဍကို မှီခိုအားထားနေရကြောင်း သိရသည်။



## ငါးစည်ဖောင်းများ

မြန်မာနိုင်ငံသည် ငါးမျိုးစုံကို အေးခဲ၍လည်းကောင်း၊ အခြောက်လှန်း၍လည်းကောင်း၊ ငါးဆားနယ်ပြုလုပ်၍လည်းကောင်း အရှေ့အာရှနိုင်ငံများ၊ အရှေ့အလယ်ပိုင်းနိုင်ငံများသို့ တင်ပို့ရောင်းချလျက် ရှိနေကြသည်။ ရေထွက်ပစ္စည်းများအနက် ငါးများကိုမူ အကောင်လိုက်ဖြစ်စေ၊ အသားပါးလွှာ ထုတ်လုပ်၍ဖြစ်စေ ရောင်းချကြသည်ကို တွေ့ရသည်။ ထိုအထဲတွင် ငါးစည်ဖောင်းများသည်လည်း ပြည်ပဈေးကွက်ဝင် ငါးထွက်ပစ္စည်းတစ်ခုဖြစ်သည်။ ငါးစည်ဖောင်းများကို ငါးအကြီးအသေးမရွေး ထုတ်ယူပြီး အခြောက်လှန်းတင်ပို့ခြင်းဖြစ်သည်။ ငါးစည်ဖောင်းဈေးကွက်မှာ တရုတ်နိုင်ငံ(ထိုင်ဝမ်)နှင့် ထိုင်းနိုင်ငံတို့ ဖြစ်ကြသည်။ ငါးစည်ဖောင်းများသည် အမျိုးသမီးများ၏သွေးသားကို သန့်စင်စေပြီး ကျန်းမာဝဖြိုး အလှတိုးစေသည်ဟုဆိုသည်။ အထူးသဖြင့် မီးဖွားပြီးစ အမျိုးသမီးတို့ စားသုံးကြသည်ဟု သိရသည်။ ပြည်ပနိုင်ငံများတွင် တန်ဖိုးကြီးဟင်းလျာအဖြစ် ဟိုတယ်ကြီးများ၌ ပြုပြင်ရောင်းချကြသည်ဟု လည်းသိရသည်။ ငါးစည်ဖောင်းများသည် တရုတ်နှစ်သစ်ကူးကာလတွင် ပိုမိုရောင်းအားမြင့်တက်တတ်ပြီး တရုတ်လူ ကုန်ထံ အသိုက်အဝန်းအတွင် အသုံးများသည်ဟုလည်း သိရသည်။

ငါးစည်ဖောင်းများကို ငါးအမျိုးမျိုးမှ ရရှိနိုင်ပြီး သောင်းပြောင်း၊ ရရာရော၍ရောင်းတတ်ကြသလို သီးသီးခြားခြားအမျိုးအမည် သတ်မှတ်ဝယ်ယူသော ငါးစည်ဖောင်းများလည်းရှိကြသည်။

စာ-၁၈ သို့